www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၅၅၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၃၉၀၈၀၉

၂၀၁၀၊ ခုနှစ်၊ နိုဝင်ဘာလ

ထုတ်ဝေသူ - ဦးသစ်လွင် (ဂန္ထဝင်မြိုင်စာပေ)
(၁၁၃)၊ ရွှေပြည်သာလမ်း။
(၆) ရပ်ကွက်၊ သာကေတ။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးဝင်းမြင့်ဦး (ဖြူစင်မိုးပုံနှိပ်တိုက်)
အမှတ် (၁၇)၊ သစ်ရာပင်လမ်း၊
သုဝဏ္ဏ၊ သဃ်န်းကျွန်း။

မျက်နှာဖုံးဒီဇိုင်း - MA O SAR

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်

ဂ၉၅·ဂ၃
အိုစာ၊မ
မတာင်/မအိုစာ ။ ရန်ကုန်။
ဂန္ထဝင်မြိုင်စာပေ ၊ ၂၀၀၉ ။
၁၅၉ − စာ ၊ ၁၃ • ၂၁ × ၂၀ • ၈၃ စင်တီ။
(၁) မတာင်

www.burmeseclassic.com

www.burmeseclassic.com

# ဗဒိုဓ

# မတင်္ဂ

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ကျူးဝိညာဏ်

စာအုပ်ဧါ်ဓတ်သိမ်းအား

ဤစာအုပ်အနောက်၌ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

မအိုစာ

စာတိုက်သေတ္တာ
အမှတ် (၁၉၇)
ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



# ပရိသတ်ထံမှ ပေးစာ

သမီးက ဆရာမရဲ့အမာခံပရိတ်သတ်ပါ။

ဆရာမရဲ့စာအုပ်ကို "ပျဉ်ထောင်ကတော်နတ်" ကစပြီး ထွက်သမျှစာအုပ်တိုင်း အားပေးနေကျပါ။

ညညဆို ဆရာမရဲ့စာအုပ်ဖတ်ပြီးမှ အိပ်တတ်ပါတယ်။

စာအုပ်ဆိုင်မှာ "မဒိုစ" အသစ်ထွက်လားဆိုပြီး မေးရတာ အမောပါပဲ။

ဆရာမရဲ့ပြန်စာနဲ့ ဓါတ်ပုံပို့ပေးပါလို့ တောင်းဆိုပါရစေ။

တစ်ခါမှ မိတ်ဆက်စာမရေးဖူးလို့ အမှားပါရင် ခွင့်လွှတ်ပါနော်။

ဆရာမ "မဒိုစ" စာပေလောကမှာ ထာဝရတည်တံ့ပါစေ။

ပြည့်ဖြိုးဝေ
မော်ကျော် အလှကုန်ရောင်းဝယ်ရေး
ဆိုင်နံပါတ် (၆)၊ မြို့မစည်ပင်သာယာဈေးကြီး
မြင်းခြံမြို့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ "မဒိုစာ" မင်္ဂလာပါ...

သမီးက ဆရာမရဲ့စာအုပ်ကို "ခေါ်စာပစ်တဲ့ည" ကစပြီး ဖတ်ခဲ့တဲ့သူတစ်ယောက်ပါ။

သမီးဖတ်ခဲ့သမျှစာအုပ်တိုင်းကိုကြိုက်နှစ်သက်ပါတယ်။

ကျောင်းစာတွေနဲ့မအားတဲ့ကြားက ဆရာမရဲ့စာအုပ်ကို အချိန်လုပြီး ရအောင်ဖတ်ခဲ့တာပါ။

စာအုပ်တိုင်းက သမီးရဲ့အမြင်မှာကောင်းလွန်းလို့အပြစ် ပြောစရာ၊ ဝေဖန်စရာမရှိပါဘူး။

ဆရာမရဲ့စာအုပ်တွေကို ဖတ်ခြင်းအားဖြင့် ဥပါဒ်ဒဏ်ကြောင့် ဥပါဒ်ရောက်တယ်ဆိုတာ သိခဲ့ရသလို လူရဲ့စိတ်အစွဲအလန်းမရှိရင် ပိုကောင်းတယ်လို့လည်း သိခဲ့ရပါတယ်။

ဆရာမရဲ့စာအုပ်တွေက ဖတ်လို့ကောင်းတဲ့အပြင် သင်ခန်းစာလည်းပေးပါတယ်။

ဆရာမရဲ့ "ဘုံစာကျွေးတဲ့နေ့" စာအုပ်ကို အကြိုက်ဆုံးပါပဲ။ ထူထူလေးရေးပေးတဲ့အတွက်အရမ်းကျေးဇူးတင်ပါတယ်။

ဖတ်ရတာလည်း အားရပါတယ်။

ဒီထက်ကြောက်စရာကောင်းတာလေးတွေ ရေးပေးပါဦးနော်။

သမီးရဲ့စာကိုရရင်ပြန်စာနဲ့ဓါတ်ပုံလေးထည့်ပေးပါနော်။

ဆရာမ မဒိုစာရဲ့ဓါတ်ပုံကို မျှော်လင့်လျက်

"မဒီသန္တာမျိုး"

အမှတ် (၇)၊ အောင်သပြေ(၅) လမ်း

ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပါမအိုစာ

လဲ့လဲ့က "မအိုစာ" ရဲ့စာဖတ်ပရိတ်သတ်တစ်ဦးပါ။

မအိုစာ ထွက်ပြီးသမျှစာအုပ်တွေထဲမှာ "ခေါင်းတလား ရာဇာ" နဲ့ "ကန္တာရစီးဒေဝါ" စာအုပ်ကို အကြိုက်ဆုံးပါပဲ။

မအိုစာရဲ့စာအုပ်က ပါးတော့ ဖတ်ရတာ အားမရဘူး။

ခဏလေးနဲ့ ပြီးသွားတယ်။ အကြာကြီးဖတ်ရအောင် စာအုပ်ကို ထူထူလေးရေးပေးပါနော်။

မအိုစာရဲ့စာအုပ်မျက်နှာဖုံးပုံတွေ အရမ်းကောင်းတယ်။

တစ်ခု ဝေဖန်ပါရစေ။ "ကုတင်နံပါတ် - ၃၁" စာအုပ်ကို ဖတ်ရတာ တစ်ခုခုလိုနေသလိုပါပဲ။ စိတ်မရှိပါနဲ့နော်။ အမြဲတမ်း အားပေးနေပါ့မယ်။

မအိုစာရဲ့ဓါတ်ပုံနဲ့ဖုန်းနံပါတ်လေးကို စာဖတ်ပရိတ် သတ်တွေ သိလို့ရအောင် ဖော်ပြပေးပါဦးနော်။

မအိုစာ ဒီထက်မကအောင်မြင်ပါစေ

လေးစားချစ်ခင်စွာဖြင့် ထာဝရပရိတ်သတ်

"လဲ့လဲ့"
ရန်ကုန် - ပြည်လမ်း
သာယာဝတီမြို့

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ "မအိုစာ" နေကောင်းတယ်နော်

သားက ဆရာမရဲ့စာအုပ်ကို "မလှစုန်းယိုး" ကစပြီးဖတ်ခဲ့ပါတယ်။ ထွက်ပြီးသမျှစာအုပ်ထဲက "ကုတင်နံပါတ်-၃၁" နဲ့ "နတ်ကဝေမယ်" စာအုပ်ကိုသိပ်ကြိုက်တယ်။ ထွက်ပြီးသမျှထဲက သားအဖတ်ချင်ဆုံးစာအုပ်က "ခေါ်စာပစ်တဲ့ည" ပါ။ သားငှားတဲ့ဆိုင်က "ခေါ်စာပစ်တဲ့ည" စာအုပ်မရှိပါဘူး။ ဖြစ်နိုင်ရင် အဲဒီစာအုပ်ကို နောက်တစ်ကြိမ် ပြန်ထုတ်ပေးပါလို့ တောင်းဆိုပါရစေ။

ဆရာမရဲ့စာအုပ်မျက်နှာဖုံးပုံတွေထဲက "ခေါင်းတလားရာဇာ" နဲ့ "ဘုံစာကျွေးတဲ့နေ့" စာအုပ်ရဲ့ပုံတွေကိုအကြိုက်ဆုံးပဲ။

ဆရာမ စာအုပ်ထူထူလေးထွက်ပေးပါ။

ဆရာမရဲ့စာအုပ်က ဖတ်ရတာ မဝဘူး။

တစ်လမှာ တစ်ညပဲ ဆရာမရဲ့စာအုပ်ဖတ်ပြီး စိတ်လှုပ်ရှားရတာ အားမလိုအားမရ ဖြစ်မိတယ်။

တစ်လ (၂) အုပ် ထွက်ပေးပါလို့ အကြံပြုချင်တယ်။

ဆရာမရဲ့ လိပ်စာကို သိချင်ပါတယ်။ သားလေးစားချစ်ခင်တဲ့ ဆရာမအတွက် လက်ဆောင်လေး ပို့ပေးချင်လို့ပါ။

ဆရာမရဲ့စာအုပ်မျက်နှာဖုံးပုံတွေကိုသိပ်ကြိုက်ပါတယ်။

ဆရာမ စာအုပ်တွေအများကြီး ရေးနိုင်ဖို့
ညတိုင်းဆုတောင်းပေးလျက်....

"မောင်အောင်အောင်ဦး"
ကန်သာ (၁) လမ်း၊ မကွေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက "မအိုစာ" ရဲ့ထွက်သမျှစာအုပ်ကို လစဉ်အားပေးနေတဲ့ ပရိတ်သတ်ပါ။ ထွက်သမျှစာအုပ်ထဲမှာ "ကန္တာရစီးဒေဝါ" ကို အကြိုက်ဆုံးပါ။

ဒါပေမဲ့ "ဘုံစာကျွေးတဲ့နေ့" ဖတ်ပြီးတဲ့အခါ အဲဒီစာအုပ်ကို ပိုကြိုက်သွားတယ်။ အထူကြီးရေးပေးတဲ့အတွက် ဖတ်ရတာအားရတယ်။ မကြာခဏ စာအုပ်ထုထု ထွက်ပေးပါလို့ တောင်းဆိုပါရစေ။

ပြီးတော့ ကျွန်မသိချင်တာက "ဘုံစာကျွေးတဲ့နေ့" စာအုပ်မှာ ကြော်ငြာပါတဲ့ "ချမ်းမြေ့သရဖီလှိုင်" ဆိုတာ မင်းမြတ်သူ့ရဲ့စာအုပ်မှာ ဒသသနရေးတဲ့ ဆရာမလားဟင်။

ကျွန်မက ချမ်းမြေ့သရဖီလှိုင်" ရဲ့ဒသသနတွေကို တအားကြိုက်ခဲ့တာပါ။ "ဆားပုလင်းမင်းနောင်နှင့်ပန်ဦးဆက်ခင်ခင်ကြီး" စာအုပ် ဘယ်တော့ထွက်မလဲဟင်။

"မအိုစာ" သိရင် ပြန်စာနဲ့အတူ ဖော်ပြပေးပါနော်။

"မအိုစာ" ကို အကြံပြုချင်တာက စာအုပ်မှာ ထွက်ပြီးစာအုပ်စာရင်းအပြင် နောက်ထွက်မယ့် စာအုပ်စာရင်းကိုပါ ဖော်ပြပေးရင် ပိုကောင်းမလားလို့ပါ။ "မအိုစာ" ရဲ့မျက်နှာဖုံးတွေကို အရမ်းသဘောကျတာပဲ။

တစ်လနှစ်အုပ် ထွက်ပေးပါ "မအိုစာ"။

မအိုစာ ဒီထက်မက အောင်မြင်ပါစေ

ဒေါ်ဝင်းယုမော်

အောင်ပြည့်စံစာပေ

ဝမ်းတွင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုဗု

# ဆဝင်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

# သူကြီးကို အာခံသူ

www.burmeseclassic.com

www.burmeseclassic.com



## ပေကုန်းရွာ

သူကြီး ဦးစံဗျောရဲ့အိမ်မှာ ရွာသားတွေဟာ စုရုံးရောက်ရှိနေကြတယ်။

လူစုံတဲ့အခါ သူကြီးဟာ အားလုံးရှေ့မိန့်မိန့်ကြီးရပ်ရင်း...

"အဟမ်း..... ရွာသားတွေကို ကျုပ် ခေါ်ရတဲ့အကြောင်းကတော့ တန်ဆောင်မုန်း လပြည့်နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရွာရဲ့ အစဉ်အလာအတိုင်း ကာလသားလူပျို တွေရဲ့ သတ္တိသွေးကို ပြသခွင့်ရမယ့် ထိုးကွင်းထိုးပွဲ ကျင်းပမှာဖြစ်တယ်၊ ဆုအနေနဲ့ကတော့ သုံးဆုသတ် မှတ်ထားပါတယ်၊ ပထမဆုအနေနဲ့ ငွေစင်စစ်နဲ့ ပြုလုပ် ထားတဲ့ ငွေဖလားကို ဆွတ်ခူးရရှိမှာဖြစ်ပြီး ဒုတိယဆု က ငွေလင်ပန်းတစ်ချပ်နဲ့ တတိယဆုကတော့ ငွေ ကြုတ်လေးတစ်ခုကို ရရှိမှာဖြစ်ပါတယ်၊ ဒီတော့ ကာ လသားလူငယ်တွေ အနေနဲ့ ဆုကြေးကိုပဓာနမထား ဘဲ အားလုံးတပျော်တပါး ထိုးကွင်းထိုးပွဲကြီးကို ဝင် ရောက် ဆင်နွှဲကြပါလို့ ကျုပ်ပြောချင်ပါတယ်၊ ပြိုင်ပွဲ ဝင်မယ့် ကာလသားလူငယ်တွေဟာ ကျုပ်ဆီမှာလာ ပြီး စာရင်းပေးသွင်းလို့ ရပါတယ်၊ ကျုပ် ပြောချင်တာ ကတော့ ဒါပါပဲ"

လို့ ပြောလိုက်တဲ့အခါ ကာလသားလူငယ်တွေ ဟာ အုံးအုံးကြွက်ကြွက် ဖြစ်သွားကြတယ်။

ပေကုန်းရွာရဲ့ ကာလသားကောင်းဖြစ်တဲ့ မာတင်

www.burmeseclassic.com

www.burmeseclassic.com



ဟာ လက်သီးလက်မောင်းတန်းလိုက်ရင်း....

"ကျုပ်က ထိုးကွင်းထိုးပွဲကို စောင့်နေတာ ကြာပြီဗျ။ ဒီရွာမှာ ကျုပ်က ကာလသားခေါင်း၊ အားလုံးထက်ပိုပြီး သတ္တိရှိတယ်၊ ကျုပ် နာမည်ကို စာရင်းသွင်းတယ်ဗျို့ ကျုပ်နာမည်ကို ဇွဲဦးဆုံးမှတ်လိုက်စမ်းပါ သူကြီးရာ...အဟဲ"

လို့ ဝင်ပြောလိုက်တယ်။

လယ်ရှင်သား မိုက်လုံးဟာ မာတင်ကို မကျေမချမ်း လှမ်းကြည့်လိုက်ရင်း...

"ကျုပ်လည်း စာရင်းပေးတယ်ဗျို့ ဒီနယ်တစ်ကြောမှာ မိုက်လုံးဆို ဘယ်ကောင်မှ မော်မကြည့်ရဲဘူး၊ ကျုပ်နာမည်ကို ဘုတ်အုပ်ထဲမှာ စာလုံးကြီးကြီးနဲ့ မှတ်တမ်းတင်လိုက်စမ်းပါ သူကြီးရာ...."

လို့ ထပြောလိုက်ပြန်တယ်။

မိုက်လုံးရဲ့ စကားကြောင့် မာတင်ရဲ့အပေါင်းအသင်းတွေက "ဝါး" ခနဲ ရယ်လိုက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"မိုက်လုံးကိုမော်မကြည့်ရဲအကောင်ငါသိတယ်ကွ၊ ငါသိတယ်"

လို့… တစ်ယောက်က ပြောလိုက်တဲ့အခါ ကျန်တစ်ယောက်က…

"ဘယ်သူတွေတုန်း"

လို့မေးလိုက်တယ်။

"ငနီတို့… ငနက်တို့… ဂုတ်ကြားတို့လေကွာ၊ ခွေးတွေ…ခွေးတွေကွ"

ကာလသားရဲ့ စကားကြောင့် သူတို့အားလုံး တဝါးဝါး တဟားဟားနဲ့ ပွဲကျသွားတယ်။

လယ်ရှင်သား မိုက်လုံးဟာ မျက်နှာကြီးရဲသွားပြီး "ဝုန်း" ခနဲ ထရပ်လိုက်တယ်။

"ဟေ့ကောင် မာတင် မင်းတို့ ဘာစကားပြောတာလဲ၊ စော်ကားလှချည့်လား"

မာတင်ဟာ အေးစက်တဲ့အမူအရာနဲ့ မိုက်လုံးကိုကြည့်လိုက်ရင်း….

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းကိုပြောနေတာ ချက်နီလေ၊ ငါ့နာမည် ဘာလို့တပ်ရတာလဲ၊ မင်းကသာ ငါ့ကို အသားလွှတ်စော်ကားနေတာ"

လို့ပြောလိုက်တဲ့အခါ မိုက်လုံးဟာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း...

"ချက်နီရဲ့ဆရာကမင်းပဲ၊အောက်တန်းစားလယ် ကူလီကောင်တွေ၊ ထွီ... ဒီနယ်တစ်ကြောမှာ ငါ့အဖေ ပိုင်တဲ့လယ်တွေ လက်ညှိုးထိုး မလွဲအောင်ရှိတယ်၊ ငါ့လို လယ်ရှင်သားကိုများ ခွေးနဲ့နှိုင်းပြောရတယ်လို့၊ မာတင်္ဂဆိုတာ ဘာလဲသိလား၊ သူတောင်းစားကွ၊ သူ တောင်းစား၊ သူတောင်းစားလက်နဲ့ ရှေ့ခွက်နှိုက်ချင်တဲ့ ကောင်တွေ၊ မင်းတို့နဲ့ထိုးကွင်းပွဲ ဘာဆိုင်လို့လဲ၊ ရွာ စွန်မှာခွက်ဆွဲပြီးအေးအေးဆေးဆေးသွားတောင်းစား ကြကွာ၊ သွားကြစမ်း"

လို့ပြောလိုက်တဲ့အခါမာတင်္ဂဟာ ဒေါသအကြီး အကျယ်ထွက်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မိုက်လုံး မင်း… မင်း… သိပ်လွန်နေပြီ…ကဲကွာ"

လို့ ပြောဆိုပြီး မိုက်လုံးရှိရာကို ခုန်အုပ်လိုက်တယ်။

ကာလသားတစ်စုလည်းထိတ်လန့်သွားပြီးမာတင်ကို ဝိုင်းဝန်းဆွဲကြတယ်။

သူကြီး စံဗျောစပာ ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့ အခြေအနေကိုကြည့်ရင်း စားပွဲကို ""ဒုန်း"" ခနဲ ထုချလိုက်တယ်။

"ဟော့ကောင် မာတင်… သူကြီးရှေ့မှာ တောင် မင်းက ထိုးကြိတ်ရဲတယ်ဆိုတော့ ငါ့ကို ပမာမခန့်လုပ်တဲ့သဘောလား"

သူကြီးရဲ့ဒေါသတကြီး အော်ဟစ်လိုက်တဲ့အသံကြောင့် မာတင်ဟာ သူ့ကိုဝိုင်းချုပ်ထားတဲ့ ရွာသားတွေလက်က ဆောင့်ရုန်းလိုက်ရင်း…

"သူကြီး… မတရားမပြောနဲ့၊ ကျုပ်ကို သူ့တောင်း

www.burmeseclassic.com

www.burmeseclassic.com



စားလို့ စော်ကားနေတာ မကြားဘူးလား၊ ကျုပ် မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး"

လို့ အော်ဟစ်ပြောလိုက်တဲ့အခါ သူကြီးက သူ့ကို မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး...

"တိတ်စမ်း ငါလိုသူကြီးကိုများ အော်ဟစ်ပြီး ပြောနေလိုက်တာ၊ အေး မိုက်လုံးကို ရန်တွေ့တာထက် ငါ့လိုသူကြီးကို အော်ဟစ်ပြောဆိုတဲ့ အပြစ်ကပိုကြီးတယ်ဆိုတာ မင်းမသိဘူးလား၊ ထိပ်တုံးစာမိချင်သလား၊ ထိုးကွင်းပွဲအတွက် စာရင်းပေးထားတဲ့ မင်းနာမည်ကို ပယ်လိုက်ရမလား"

လို့ မေးလိုက်တဲ့အခါ မာတင်္ဂဟာ တောက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်ရင်း...

"တောက်... မိုက်လုံး မင်းနဲ့ငါ ထိုးကွင်းပွဲမှာ ဘယ်သူပထမရမလဲ ကြည့်ရအောင်၊ မာတင်္ဂဟာ သူ့ တောင်းစားလား၊ သူရဲကောင်းလားဆိုတာ မင်းသိစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ကြုံးဝါးရင်း သူကြီးခြံထဲကနေ ချာခနဲ လှည့်ထွက်သွားတယ်။

မာတင်ဂ် လှည့်ထွက်သွားတဲ့အခါ အပျိုခေါင်းချမ်းမေက သူ့အဖော်တွေဘက်လှည့်ပြီး...

"ဒါတော့ သူကြီးမတရားတာပဲ၊ မာတင်ဂ် သနားပါတယ်၊ တကယ်ဆို မိုက်လုံးဆိုတဲ့လူကြမ်းက သက်သက်မဲ့ရမ်းလိုက်တဲ့ဟာ"

လို့ ပြောလိုက်တဲ့အခါ ဘုတ်ဆုံဆိုတဲ့ အပျိုက နုတ်ခမ်းကို မဲ့လိုက်ရင်း...

"ဟုတ်ပါ့... ဟုတ်ပါ့... ကျုပ်ကတော့ ထိုးကွင်းပွဲမှာ မာတင်ဂ်ဘက်က အားပေးဦးမှာ၊ မာတင်ဂ်က ရုပ်လည်းဖြောင့်တယ်၊ သဘောလည်းကောင်းတယ်၊ မိုက်လုံးလို ရုပ်ကြမ်းကြီးနဲ့မဟုတ် မျက်နှာရှုံး မဟုတ်ဘူးဟ"

လို့ပြောလိုက်ပြန်တယ်။

"ဟဲ့ ညည်း... မာတင်ဂ်ကို ကြိတ်ပြီးကြွံ မနေနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုက ပိုင်ရှင်တွေ့တော့မယ်အေ့"

အပျိုမ အေးလှရဲ့စကားကြောင့် ဘုတ်ဆုံမဟာ နှုတ်ခမ်းကြီးစူသွားရင်း...

"အို..အေ... ညည်းကလည်း ပိုင်ရှင်တွေ့တဲ့ဟာ ရမှမရသေးတာ၊ လှုပျိုကို အပျိုက စိတ်ကူးယဉ်တာ ဘာဖြစ်လဲအေ့၊ အင်း... ငါလေ... သူ့ကို ဘယ်လောက် ထိစွဲလန်းမိလည်းဆိုရင် အိပ်မက်ထဲမှာလည်း မာတင်္ဂ၊ ရေချိုးရင်လည်း မာတင်္ဂ၊ ယုတ်စွအဆုံး... အီအီးပါရင် တောင် မာတင်္ဂရဲ့မျက်နှာလေးကိုမြင်ပြီးပါမှ အဆင်ပြေ တာအေ့"

လို့ ပြောလိုက်တဲ့အခါ အပျိုတစ်သိုက်ဟာ ခန္ဓာ ကိုယ်ဝဝကြီးနဲ့ မလိုက်အောင် ဖွဲ့နွဲ့ပြီးပြောနေတဲ့ ဘုတ်ဆုံမကို ကြည့်ရင်း တဝါးဝါးပွဲကျသွားကြတယ်။

အပျိုတစ်သိုက်ရဲ့ ပွဲကျနေတဲ့ အသံကြောင့် သူကြီးစံပျော့ဟာ မျက်မှောင်ကြီးကြုံ့ရင်း...

"ဟဲ့ ကောင်မတွေ... မပြန်သေးဘဲ ဘာလုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြတာလဲ၊ နင်တို့ပါ ထိုးကွင်းပွဲအတွက် စာရင်းပေး မလို့လား"

လို့ ပြောလိုက်တဲ့အခါ အပျိုခေါင်း ဂျမ်းမေဟာ မျက်နှာကြီးရှုံ့မဲ့သွားရင်း...

"အမယ်လေး... စာရင်းတော့ မသွင်းလိုက်ပါနဲ့ သူကြီးရယ်၊ ကျုပ်တို့က အစ်ကိုကာလသားတွေထဲက ဘယ်သူ ဆုရမလဲလို့ တိုင်ပင်နေတာတော့၊ အဟဲ ကိုယ်တိုင်တော့ သတ္တိမရှိဘူး၊ ပြန်...ပြန်တော့မယ်"

လို့ ပြောဆိုပြီး သူ့အပေါင်းအသင်းတွေကို လက်ကုပ်လိုက်တယ်။

အပျိုတစ်သိုက်လည်း ထိုးကွင်းပွဲထဲ စာရင်း ထည့်ခံရမှာကြောက်ပြီး သူကြီးကို လှည့်တောင်မကြည့်နိုင်ဘူး။

သူကြီးခြံထဲကနေ ကုပ်ကုပ်ကလေး ထွက်သွား ကြတော့တယ်။

လူရှင်းသွားတဲ့အခါ သူကြီးကတော်ဟာ ခြေင်း ဖူးဘက်ခေါင်းလိပ်ကြီးကို အငွေ့တထောင်းထောင်းထအောင် ဖွာ

www.burmeseclassic.com

www.burmeseclassic.com



ရှိုက်လိုက်ရင်း...

"တော်ကလည်း... ခုနက မိုက်လုံး သက်သက်မဲ့ မာတင်ကို ရန်ရှာတာသိရဲ့နဲ့ ဘာလို့ မာတင်ကိုချည်း မာန်မဲနေရတာလဲ"

လို့ မေးလိုက်တဲ့အခါ သူကြီးဟာ မိန်းမဖြစ်သူကို မျက်လုံးကြီးပြူးကြည့်လိုက်တယ်။

ပြီးတော့ သူကြီးကတော်ရဲ့ နားထင်ကိုလက်နဲ့ လှမ်းထိုးလိုက်ရင်း တီးတိုးပြောလိုက်တယ်။

"ဦးနှောက်မရှိတဲ့မိန်းမ၊ ထမင်းစားပြီး မင်းခေါင်းက ပုစွန်ဦးနှောက်ဖြစ်နေပါလား၊ မိုက်လုံးရဲ့အဖေ လယ်ပိုင်ရှင်ကြီး မိုက်ခဲဆီမှာ ငါတို့ပြောင်းကြွေး၊ နှမ်းကြွေးတွေ ရှိနေတယ်လေ၊ နင် အိမ်ပေါ်ကဆင်းပြီး လမ်းဘေးရောက်ချင်လို့လား၊ ဉာဏ်မရှိတဲ့မိန်းမ..."

www.burmeseclassic.com

www.burmeseclassic.com

"မာတာဂိနဲ့ မိုက်လုံး
ဘာဆက်ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

# ဘုတ်ဆုံမလက်ချက်

## မိတဲ့

## ချက်နီ

www.burmeseclassic.com

www.burmeseclassic.com



## မနက်ခင်းရဲ့....

နေရောင်အောက်မှာ ကာလသား တစ်စုဟာ ထိုးကွင်းပွဲကျင်းပဖို့အတွက် မဏ္ဍပ်ကြီးကို ချွေးတစ်လုံးလုံးနဲ့ ပြုလုပ်နေကြတယ်။

ချက်နီက ဝါးစည်းကို မြေပေါ်ပစ်ချလိုက်ပြီး ချွေးသုတ်ရင်းက...

"ငါကတော့ ထိုးကွင်းပွဲဝင်နွဲတာ ရပ်လိုချင်လို့

www.burmeseclassic.com

www.burmeseclassic.com



မပျောက်ဘူးကွ၊ အဟဲ ငါ့ရဲ့ မျိုးဆက်သစ်တွေကို ငါ ဘယ်လောက် သတ္တိရှိခဲ့ကြောင်း ပြချင်တာကွ၊ ငါကြား ဖူးတယ်၊ ထိုးကွင်းထိုးတာ သွေးစက်စက်ထွက်ပြီး သိပ် နာတယ် ဆိုပဲကွ"

လို့ ပြောလိုက်တယ်။

"ဟ ကောင်ရ... မင်းပဲ နောင်လာနောက်သား တွေကို သတ္တိရှိကြောင်းပြချင်တာဆို၊ အနာခံမှ အသာ စံရမှာပေါ့ကွ၊ နာတာကတော့ မပြောနဲ့ကိုယ့်လူ၊ ငါ့ ဘကြီး ပြောဖူးတယ်၊ သူ ထိုးကွင်းထိုးတုန်းက နာလွန်း လို့ ထိုးကွင်းထိုးပေးတဲ့ ဆရာကြီးရဲ့ လက်မောင်းကို ကုန်းကိုက်လိုက်တာ ဆရာကြီးလည်း ဒေါသထွက်ပြီး သူ့ကို ဆက်မထိုးပေးတော့ဘူးတဲ့၊ ဒါကြောင့် ငါ့ဘကြီး ရဲ့ပေါင်က နဂါးရုပ်ထိုးကွင်းဟာ အမြီးမပါဘူး၊ သူလည်း နာလွန်းလို့ အမြီးပြတ်နေတဲ့ နဂါးရုပ်ကို ဆက်မထိုးတာ ဒီနေ့ထိပဲ၊ အဟဲ... မင်းတို့မယုံရင် ငါ့ဘကြီးပေါင်ကို သွားလှန်ကြည့်၊ အမြီးမပါတဲ့ နဂါးကိုတွေ့ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကာလသား စံဖေရဲ့စကားကြောင့် မာတင်္ဂ ဝါး စည်းဖြည်နေရာက လှမ်းပြီး…

"ဟုတ်တယ်၊ ကျုပ်လည်း ကြားဖူးတယ်၊ ထိုး ကွင်းထိုးတဲ့စုတ်တံက တစ်ခါပေါက်တိုင်း သွေးစိမ်းရှင် ရှင်ထွက်ပြီး အသည်းခိုက်မတတ် နာသတဲ့၊ သွေး ကြောင်တတ်ရင် သွားမစမ်းနဲ့ ချက်နီ၊ တော်ကြာ စံဖဲရဲ့ ဘကြီးလို နဂါးအမြီးပြတ် ဖြစ်နေဦးမယ်"

လို့ ပြောလိုက်တဲ့အခါ သူတို့အားလုံး ပွဲကျပြီး "ဝါး" ခနဲ ရယ်မောလိုက်ကြတယ်။

ဒီအခါမှာ ကာလသားမြသီးက ချက်နီရဲ့ပုခုံးကို ပုတ်ပြီး…

"ဟုတ်တယ်ကွ… ချက်နီရ၊ ကြောက်တတ်ရင် သွားမစမ်းနဲ့၊ ဒီကောင် ဘယ်လောက်ကြောက်တတ် သလဲ မင်းတို့သိလား၊ မြောက်ပိုင်းက ဘုတ်ဆုံမကို ပိုးပန်းနေတာ သုံးနှစ်ရှိပြီ၊ ဟိုက လှည့်တောင်မကြည့် ဘူး၊ တစ်ခါကလည်း ဘုတ်ဆုံမကို စကားလိုက်ပြော

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဒီကောင်လေ ပုတ်သင်ညိုသူ့ပေါ်ပြုတ်ကျတာကို လန့်ပြီး ဘုတ်ဆုံမကို လှမ်းဖက်လိုက်တာ ဘာဖြစ်သွားတယ် မှတ်သလဲ၊ နောက်ချေးပုံနဲ့ မျက်နှာအပ်မိတာ ဘုတ်ဆုံမဆို ဒင်းကိုကြည့်ပြီး အူတက်မတတ် ရယ်လိုက်တာ၊ သေးပါထွက်ကျတယ်ဆိုပဲကွ ဟား ဟား... ဟား"

လို့ ပြောလိုက်ပြန်တယ်။

တစ်ယောက်တစ်ပေါက် ဝိုင်းပြောတဲ့ စကားတွေကြောင့် ချက်နီဟာ မျက်နှာကြီးနီရဲသွားပြီး...

"အေးပါ... ပြောထားကြပါ၊ ငါ့ကို လူဗလံလေးဆိုပြီး မင်းတို့အားလုံး အထင်သေးတယ်ပေါ့၊ ကြည့်ထားကြပါ၊ ထိုကွင်းပွဲမှာ ချက်နီ သွေးထွက်လောက်ရဲသလဲဆိုတာပြပြီး ငွေဖလားကြီးကို ယူပစ်လိုက်အုံးမယ်"

လို့ ကျုံလှီနေတဲ့ သူ့လက်မောင်းကို ပြသပြီး ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ သူတို့အနားကို အပျိုခေါင်း တစ်စု ရောက်ရှိလာကြတယ်။

ဘုတ်ဆုံမဟာ အဝလွန်နေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ အိပဲ့အိပဲ့ လျှောက်လာရင်း ချက်နီရဲ့အနားရောက်တော့ ခြေထောက်ကို တက်နင်းမိသွားတယ်။

"အောင်မယ်လေးဗျ... သေပါပြီဗျ... ဘုတ်ဆုံမ ကယ်ပါ"

ချက်နီရဲ့ငယ်သံပါအောင် အော်ဟစ်သံကြောင့် ဘုတ်ဆုံမဟာဒေါသတကြီး လှမ်းကြည့်လိုက်ရင်း...

"ဟင်... နင်က ငါ့ကို ကယ်ပါလို့ပြောတယ် ဟုတ်လား"

လို့ ခါးထောက်ရန်တွေ့လိုက်တဲ့အခါ ချက်နီဟာ မျက်နှာကြီးရှုံ့မဲ့နေရင်းက...

"နင်... နင်... ငါ့ကိုလွှတ်ပါဟ"

လို့ လက်ညှိုးထိုး ပြောလိုက်ပြန်တယ်။

"နင်... နင် ငါ့ကို လူကြားထဲ အရှက်ခွဲ နေတာ

www.burmeseclassic.com

www.burmeseclassic.com



လားချက်နီ၊ ငါ့ကိုကယ်ပါလို့လည်းပြောတယ်၊ လွှတ်ပါ လို့လည်းပြောတယ်၊ လွှတ်ရအောင် ငါက နင့်ကို ဘာ လုပ်နေလို့လဲ"

ဘုတ်ဆုံမရဲ့ ဒေါသတကြီး ပြောလိုက်တဲ့ စကား ကြောင့် ချက်နီဟာ မျက်နှာငယ်လေးနဲ့....

"ငါ... ယောင်သွားလို့ပါဟာ၊ အောက်အောက်... အောက်ကို ငုံ့ကြည့်လိုက်စမ်း"

လို့ ပြောလိုက်တဲ့အခါ ဘုတ်ဆုံမဟာ မျက်နှာ နီရဲသွားပြီး....

"ဘာ... နင် မိုက်ရိုင်းလှချည်လား၊ ငါက ငုံ့ပြီး ဘာကိုကြည့်ရမှာလဲ၊ ငါ့ကို လူကြားထဲ အရှက်ခွဲတဲ့ ချက်နီ ကဲဟာ..."

လို့ ပြောဆိုရင်း ချက်နီရဲ့ပါးကို "ဖျန်း" ခနဲ ရိုက်ချ လိုက်တယ်။

ပြီးတော့ ..... ချက်နီရဲ့အနားကနေ ခေါင်းကြီး အောင့်ကြီး ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ချက်နီဟာ အနင်းခံလိုက်ရတဲ့ ခြေထောက်ကို ကုန်းကိုင်ရင်း…ပါးတစ်ဖက်ကိုပါ လက်နဲ့ပွတ်ရင်းက…

"ရက်စက်လှချည့်လား ဆင်ခန္တာမကြီးရဲ့ အောင်မယ်လေးဗျာ၊ ကျုပ် ခြေထောက်ကိုလည်း သူ့အားကြီးနဲ့ တက်နင်းထားတယ်၊ ပါးကိုလည်း မီးပွင့်မတတ်ရိုက်သွားသေးတယ်၊ ကျုပ်လောက် အဖြစ်ဆိုးတဲ့လူ ဘယ်သူရှိမလဲဗျာ"

လို့ အော်ဟစ် ရေရွတ်လိုက်တဲ့အခါ မာတင်္ဂက…

"ဒါပဲကွ… ချစ်ဒုက္ခဆိုတာ 'မင်း ဘုတ်ဆုံမကို ကြိုက်တယ်မဟုတ်လား၊ အဲဒါ မင်းကို ဒုက္ခချစ်စမ်းသွားတာကွ၊ ဘာမှစိတ်မဆိုးနဲ့၊ ငါ ပောက်နီးထုတ်လိုက်မယ်၊ ထိုးကွင်းပွဲပြီးရင် မင်း ဘုတ်ဆုံမဆီက အဖြေကြိမ်းသေရပြီကွ"

လို့ပြောလိုက်တယ်။

ဒီအချိန်မှာပဲ မာတင်္ဂဟာ တစ်စုံတစ်ရာကို မြင်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အံ့သြမင်သက်သွားတယ်။

သူ ကြိုတ်ပိုးနေတဲ့ မြစံပယ်ဆိုတဲ့ ကွမ်းတောင်ကိုင် မိန်းကလေး....၊ ခြင်းတောင်းလေးဆွဲပြီး လျှောက်လာနေတာ။

မာတင်ဂ်ဟာ မြစံပါယ်ရှိရာ လျှောက်သွားရင်း...

"ဘယ်သွားမလို့လဲ မြစံပယ်"

လို့ မေးလိုက်မိတယ်။

မာတင်ဂ်ကိုမြင်တော့ မြစံပါယ်ဟာ ခြေလှမ်း တုံ့သွားရင်း...

"ဘယ်သွားရမှာလဲ မဏ္ဍပ်ဆောက်နေတဲ့ လူတွေဆီ လာတာပေါ့၊ အမေလေ... မဏ္ဍပ်ဆောက်တဲ့သူတွေ စားဖို့ဆိုပြီး ဂျင်းသုတ်ပို့ခိုင်းလို့...ရော့..."

လို့ပြောပြီး ခြင်းတောင်းကို လှမ်းပေးတယ်။

မာတင်ဂ်ဟာမြစံပါယ်ရဲ့လက်က ခြင်းတောင်းကို လှမ်းယူလိုက်တယ်။

ဒီအခါမှာ မြစံပါယ်ဟာ နောက်ပြန်လှည့်ဖို့ ပြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"နေပါဦး မြစ်ပယ်ရယ်၊ ကိုယ်တောင်းထားတဲ့ အဖြေမပေးသေးဘူးလား"

မာတင်က မြစ်ပါယ်ရဲ့ရှေ့က ကာဆီးရင်း ပြောလိုက်တဲ့အခါ မြစ်ပါယ်က...

"အို... ဘယ်လိုလုပ်တာလဲ၊ ဖယ်စမ်းပါ၊ ဟိုမှာ လူတွေကြည့်နေတယ်"

လို့ ပြောလာတယ်။

"ကိုယ်မင်းကို ဘယ်အချိန်ထိ စောင့်ရမှာလဲ မြစ်ပါယ်ရယ်၊ ကိုယ့်ကိုသနားပါဦး၊ ဒီကကောင် မြစ်ပါယ် အဖြေပေးမယ့်နေ့ကို စောင့်ရင်း ဆံဖြူသွားကျိုး ဖြစ်တော့မယ်ဗျ"

မာတင်ရဲ့စကားကြောင့် မြစ်ပါယ်ဟာ ရှက်ရွံ့သွားရင်း...

"မာတင်နော် နင် ဘယ်လိုဖြစ်နေတာလဲ၊ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်သိုး ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



နင် မကြားဖူးဘူးလား၊ ငါ နင့်ကို လေ့လာချင်သေးတယ်"

လို့ ပြောလာတဲ့အခါ မာတင်က..

"ငါတို့ဟာ ကလေးဘဝကတည်းက အတူကြီးပြင်းလာခဲ့တဲ့လူတွေပါ မြစ်ပယ်ရယ်၊ ငါက မိဘမဲ့ တစ်ကောင်ကြွက်... လယ်ကူလီ၊ အပေါင်းအသင်းတွေနဲ့ ပျော်ပျော်နေတတ်တယ်၊ ကဲ... ဘာများ လေ့လာစရာ ရှိသေးလို့လဲ၊ နင် ငါ့ကို အမြန်ဆုံးအဖြေပေးတော့ဟာ မြစ်ပယ်...နော်.."

လို့ တပူပူတဆာဆာ ပြောလိုက်တယ်။

မာတင်ရဲ့စကားကြောင့် မြစ်ပါယ်ဟာ တွေဝေသွားပြီး သက်ပြင်းချလိုက်ရင်း...

"ထိုးကွင်းပွဲမှာ နင် ပထမဆုကို ရအောင်ယူနိုင်ရင် နင်လိုချင်တဲ့အဖြေ ငါပေးမယ်"

လို့ ပြောလိုက်တဲ့အခါ မာတင်ဟာ ဆွေ့ဆွေ့ခုန်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...တကယ်လား မြစံပါယ်ရယ်...၊ နင်... နင် တကယ်ပြောတာနော်၊ စိတ်ချ မာတင်္ဂတို့က ငွေဖလား ကြီးပိုက်ပြီး နင့်ဆီကို ရောက်အောင်လာခဲ့မှာ...၊ ငါ... ငါပျော်လိုက်တာ မြစံပါယ်ရယ်"

လို့ဝမ်းသာအားရ ပြောလိုက်မိတယ်။

ဒီအခါမှာတော့ မြစံပယ်ဟာ ရုက်သွေးဖြာသွား ရင်း မာတင်္ဂနားကနေ လှစ်ခနဲ ပြေးထွက်သွားတော့တယ်။

မြစံပယ်ထွက်သွားတဲ့အခါ မာတင်္ဂနားကို ချက်နီ တို့လူစုရောက်လာပြီး...

"ဟေ့ကောင် မင်းမျက်နှာက မှိုရထားသလိုဖြစ် နေပါလား၊ မဟုတ်မှလွဲရော မြစံပယ်မင်းကို ရန်တွေ့ သွားပြီထင်တယ်"

လို့ ပြောလိုက်တဲ့စကားကြောင့် မာတင်္ဂဟာ ချက်နီကို နားရင်းအုပ်လိုက်ပြီး...

"မင်းကိုးတော်မှပဲ ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ ထိုးကွင်းပွဲပြီးရင် အိုရချည်သော့ မြစံပယ်

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အဖြေပေးလိုက်ပြီ၊ ထိုးကွင်းပွဲမှာ ငွေဖလားဆုရရင် အဖြေပေးမယ်တဲ့ကွ"

လို့ ပြောလိုက်တဲ့အခါ မြသီးက မျက်နှာကိုရှုံ့မဲ့လိုက်ရင်း...

"အဲဒါ မင်းကို ချောက်ချသွားတာ၊ ထိုးကွင်းပြိုင်ပွဲဆိုတာက... မင်ခံပုဆိုးကို ကိုယ်တိုင်ဝတ်ပြီး ဘေားလူမတွဲရဘဲ ထွက်လာနိုင်မှ ပထမဆုရမှာကွ၊ အဲဒီလို ထွက်နိုင်ဖို့ဆိုတာ တော်ရုံသတ္တိနဲ့ မရဘူး၊ ဖြစ်ပါ့မလား မာတင်ရာ"

လို့ပြောလာတယ်။

ဒီအခါမှာ မာတင်က မြသီးကိုကြည့်လိုက်ပြီး...

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ငွေဖလားဆုကို ဆွတ်ခူးမယ့် သူရဲကောင်းက မာတင်ပဲကွ၊ ငါ့မှာ မြစံပယ်ဆိုတဲ့ ရဲဆေးရှိနေပြီ၊ မင်းတို့ စောင့်ကြည့်ကြ၊ ထိုးကွင်းပွဲမှာ မင်ခံပုဆိုးကို ကိုယ်တိုင်ဝတ်ပြီး ဘေးလူမတွဲဘဲ ထွက်ခဲ့မယ့်လူက ငါပဲကွ၊ ဟား ဟား... သူငယ်ချင်းတို့

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်လိုက်စမ်း"

လို့ မျက်နှာကိုချိုပြီး ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

မာတင်...

နိုင်ပါ့မလား.....

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

# ထုံနုတောပြိုလ်သား

www.burmeseclassic.com

www.burmeseclassic.com



## ညရောက်တဲ့အခါ

ကာလသားတစ်စုဟာ ညောင်ပင်ကြီးအောက်မှာရှိတဲ့ ကွပ်ပျစ်ပေါ်ဝိုင်းဖွဲ့ထိုင်ရင်း ချက်နီက...

"ထိုးကွင်းပွဲကြီးက နီးနေပြီ၊ ငါတော့ စုတ်ထိုးခံရမှာတွေးပြီး လန့်နေတယ်ကွာ၊ သူကြီးဆီမှာ စာရင်းသွင်းမိတာ မှားပြီထင်တယ်"

လို့ ခေါင်းကုပ်ပြောလိုက်တဲ့အခါ ကာလသား

www.burmeseclassic.com

www.burmeseclassic.com



မြသီးက...

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီ၊ သွေးကြောင်ရင်လည်း ဘာလို့စာရင်းသွင်းသေးလဲ၊ သတ္တိမရှိတဲ့ကောင်"

လို့ပြောလိုက်တယ်။

"အဟဲ... ငါလည်း လူများတွေ စာရင်းပေးတော့ အားကျမခံ ပေးလိုက်မိတာကွ.....၊ တွေးကြည့်တော့မှ စုတ်နဲ့အထိုးခံမှာ ကြောက်နေတယ်၊ စုတ်ထိုးတာ မနာကျင်တဲ့ဆေးလေးဘာလေးရှိရင် သိပ်ကောင်းမှာပဲ"

ချက်နီရဲ့ အပြောကြောင့် ကာလသားခေါင်းမာတင်က ဝင်ပြီး.....

"မင်း ဒီလောက်တောင် သွေးကြောင်ရင်လည်း ဆရာဖျော့ဆီမှာ တုတ်ပြီး၊ ဓားပြီးဆေး ရှိတယ်လို့ ငါကြားဖူးတယ်၊ တုတ်၊ ဓားတောင် ပြီးတယ်ဆိုတော့ စုတ်လည်းပြီးနိုင်တယ်ကွ၊ မင်း သွားတောင်းကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ မြှောက်ပင့်ပေးလိုက်တယ်။

ဒီအခါမှာ ချက်နီဟာ မျက်လုံးတွေအရောင်တောက်သွားပြီး...

"ဟင်...တကယ်ပြောတာလား၊ ဒါဆို ဆရာဗျော ကြီးဆီသွားပြီး ငါ ဆေးလေးဘာလေး သွားတောင်းမယ်၊ မင်းတို့ပါ လိုက်ခဲ့ကွာ"

လို့ ပြောလိုက်တဲ့အခါ မာတင်္ဂက...

"ဟေ့ကောင်... ငါတို့က စုတ်ပြီးဆေး မလိုတဲ့ ဗန္ဓုလသွေးဆိုတာ သိတယ်မဟုတ်လား၊ မင်းတစ်ယောက်တည်း သွားတောင်းကွာ"

လို့ ပြောလိုက်ပြန်တယ်။

"လိုက်ခဲ့စမ်းပါကွာ...၊ မှောင်နေပြီကွ၊ ငါ တစ်ယောက်တည်းမသွားရဲဘူး၊ ငါဆိုတဲ့ကောင်က လရောင်အောက်မှာ ကိုယ့်အရိပ်ကိုယ် ပြန်မြင်တာတောင် လန့်ဖျန့်ပြီး ထွက်ပြေးတတ်တာကွ၊ လိုက်ခဲ့ကြပါကွာ၊ မင်းတို့ကို ကြက်သားကာလသားချက် ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ထန်းရည်တိုက် မယ်ကွာ"

ချက်နီရဲ့စကားကြောင့် သူတို့အားလုံး မျက်လုံးတွေအရောင်တောက်သွားကြတယ်။

"မင်း တကယ်ပြောတာလားချက်နီ၊ ဒါဆိုလည်း လိုက်ခဲ့ပေးမယ်၊ ကဲ ဆရာဖျောကြီးဆီ ချီတက်ကြမယ်ဟေ့"

မာတင်ရဲ့ စကားကို ကျန်တဲ့လူတွေက ခေါင်းညိတ်ပြီး ထောက်ခံလိုက်တယ်။

သူတို့အုပ်စု ဆေးဆရာဖျောကြီး အိမ်ဘက်ထွက်ခဲ့ကြတယ်။

ဆရာဖျောကြီးအိမ် ရောက်တော့ အိမ်ဦးခန်းမှာ ကွမ်းအစ်ကြီးရှေ့ချရင်းထိုင်နေတဲ့ ဆရာဖျောကြီးကို တွေ့လိုက်ရတယ်။

သူတို့အားလုံး အိမ်ပေါ်ကို တိတ်တဆိတ် တက်သွားကြတယ်။

ဆရာဖျောကြီးရဲ့ အနီးရောက်တော့မှ....

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး"

လို့ပြိုင်တူခေါ်လိုက်ကြတယ်။

ကျယ်လောင်လွန်းတဲ့ အသံကြီးကြောင့် ဆရာဗျောကြီးဟာ ထခုန်မတတ်ထိတ်လန့်သွားပြီး...

"ဟဲ့ ပလုတ်တုတ်၊ ကာလနာ မြွေပွေးကိုက်"

လို့ ယောင်ရမ်းပြီး အော်လိုက်တယ်။

"ဟား ဟား ဆရာကြီးကလည်း လူကြည့်တော့ အားကောင်း မောင်းသန်ကြီးနဲ့၊ လန့်တတ်လိုက်တာ လွန်ပါရောဗျို့"

သူတို့လူစုဟာ ဆရာဗျောကြီးကို စနောက်ရင်း အနားမှာ ဝင်ထိုင်လိုက်တယ်။

ဆရာဗျောကြီးက သူတို့ကို မျက်လုံးဝေ့ကြည့်လိုက်ပြီး...

"ဟာ... လန့်တာပေါ့ကွ...၊ မင်းတို့က အသံမပေး ဘာမပေးဘဲ သူခိုးလိုလာတာကိုး၊ လူတွေစုံလှချည် လား၊ ဘာလဲ ပီယဆေး ထပ်ဖော် ပေးရအုံးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တဲ့အခါ ချက်နီက မျက်နှာရှုံ့မဲ့သွားရင်း...

"ဆရာကြီး ပီယဆေးက ဘာမှမထူးဘူး၊ ကျုပ်... ဘုတ်ဆုံမကို ရည်းစားစကား လိုက်ပြောနေတာ အို တော့မယ်၊ ခုထိကို အဆင်မပြေဘူး"

လို့ပြောလိုက်တယ်။

ဒီအခါမှာ ဆရာဗျောကြီးက ကွမ်းတစ်ယာကို ကောက်ဝါးလိုက်ရင်း...

"ဟကောင်ရ ငါ့ဆေးသောက်ရင် အရက်သေ စာ ရှောင်ရတယ်လေ၊ မင်းရော ထန်းရည်ရှောင်နိုင် လို့လား၊ မင်းတို့အဖွဲ့ကြည့်လိုက်ရင် တစ်ချိန်လုံး ထန်း တောမှာချည်းပဲ၊ ဒီတော့ဆေးက ဘာသုံးလို့ရတော့ မှာလဲ"

လို့ပြောလိုက်တယ်။

"အခုလာတဲ့ အကြောင်းက ပီယဆေးထက် ပိုအရေးကြီးတယ်ဗျ၊ အဟဲ... ကျုပ် ထိုးကွင်းနဲ့ ဝင်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



မလို့၊ အဲဒါ ဆရာကြီးကကျုပ်ကို စုတ်ထိုးရင် မနာတဲ့ ဆေးလေးပေးစမ်းပါ"

ချက်နီရဲ့စကားကြောင့် ဆရာဗျောကြီးဟာ မျက်မှောင်ကြုတ်သွားပြီး…

"တုတ်ပြီး၊ ဓားပြီးဆေးပဲရှိတယ်ကွ၊ စုတ်ထိုးရင် မနာတဲ့ဆေးတော့ မရှိဘူး"

လို့ ပြောလိုက်တဲ့အခါ မာတင်က ဆရာဗျောကြီးကို မျက်လုံးမှိတ်ပြလိုက်ရင်း…

"ဆရာကြီးကလည်း ဆရာစား မချန်ပါနဲ့ဗျာ၊ ကျုပ်ကို လူတစ်ယောက်က ပြောဖူးတယ်၊ ဆရာဗျောဆီမှာ စုတ်ပြီးတဲ့ယတြာရှိတယ်တဲ့၊ အဲဒါလေး ချက်နီကို လုပ်ပေးလိုက်ပါ ဆရာကြီးရယ်"

လို့ ပြောလိုက်တယ်။

မာတင်ရဲ့ စကားကြောင့် ဆရာဗျောကြီးဟာ မျက်ခုံးကြီးတွေ မြင့်တက်သွားရင်း…

"ဟေ… ငါက စုတ်ပြီးယတြာ လုပ်ပေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား… မင်းတို့ကို ဘယ်သူပြောသတုန်း”

လို့ တအံ့တဩ မေးလိုက်မိတယ်။

ဒီအခါမှာ မာတင်ဂ်ဟာ ဆရာဗျော့ကြီးကို ထပ်မံ မျက်စေ့မှိတ်ပြလိုက်ရင်း…

“လုပ်ပေးလိုက်ပါ ဆရာကြီးရယ်၊ ချက်နီက ဆရာကြီးကို ညက်ပူဇော်ခလည်း ထိုက်ထိုက်တန် တန်ပေးမှာပါ၊ အဟဲ သိတယ်မဟုတ်လား၊ သူ့အဖေ ဦးချက်ကြွေက အတိုးကြီးကြီးနဲ့ ငွေတိုးချေးစားပြီး သိပ် ချမ်းသာနေတာ၊ စိတ်ကူးမလွဲပါနဲ့ ဆရာကြီးရာ၊ စုတ်ပြီး ယတြာ လုပ်ပေးလိုက်ပါ”

လို့ ပြောပြန်တယ်။

ဆရာဗျော့ကြီးဟာ စိတ်ရှုပ်စွာနဲ့ ခေါင်းကိုတ ဖြင်းဖြင်းကုတ်လိုက်ရင်း…

“ပြီးရောကွာ… ဒါဆိုလည်း၊ ငါ လုပ်ပေးမယ်၊ အင်း… စုတ်ပြီးယတြာဆိုတော့ အိမ်မြှောင်တွေ ရှာ ထိုးတာနဲ့ တပြိုင်နက်၊ မင်းပါ သူတို့နဲ့ရောပြီး ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



ကနေ ကျွတ်… ကျွတ်…ကျွတ် ဆိုပြီး စုတ်ထိုးရမယ်၊ ဒီ ဓာတ်ရိုက်ဓာတ်ဆင်နည်းက သိပ်စွမ်းတာနော်၊ အိမ်မြှောင်စုတ်ထိုးသလို မင်းပါလိုက်ပြီး စုတ်ထိုးရင်း စုတ်ထိုးပွဲမှာ မင်းလုံးဝမနာစေရဘူး"

လို့ ပြောလိုက်တဲ့အခါ ချက်နီဟာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားပြီး

"ဗျာ… ကျုပ်က လူစင်စစ်ကနေ အိမ်မြှောင်ဘဝ ပြောင်းရဦးမယ်၊ အဲ… အဲဒီလို ယတြာလုပ်ရင် စုတ်ထိုးတဲ့အခါ တကယ်မနာဘူးနော် ဆရာကြီး…"

လို့ မေးလိုက်ပြန်တယ်။

ထုံနဘောကြိုလ်သား ချက်နီရဲ့စကားကြောင့် ဆရာဗျာဟာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း…

"သေချာတာပေါ့ကွာ…၊ စုတ်ထိုးပွဲလည်း ပြီးရော မင်း… ထမ်းစင်နဲ့…"

လို့ ပြောရင်း စကားမဆုံးခင်မှာပဲ ချက်နီဟာ အထိတ်တလန့် အမူအရာနဲ့…

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ… ထမ်း… ထမ်းစင်နဲ့ ဘာဖြစ်လဲ ဆရာကြီး…ဟင်"

လို့ထိတ်ထိတ်ပျာပျာ မေးလိုက်မိတယ်။

ဆရာဗျော့ကြီးဟာ ကွမ်းတံတွေးကို ဗျစ်ခနဲ ထွေးလိုက်ရင်း…

"ဩော် ထမ်းစင်နဲ့ထမ်းပြီး အိမ်ပြန်ရသူတွေထဲမှာ မင်း လုံးဝမပါဘူးလို့ပြောတာပါ"

လို့ ပြောလိုက်တော့မှ ချက်နီဟာ စိတ်သက်သာရာရသွားပြီး…

"ဒါဆိုလည်း ဆရာကြီးပြောတဲ့ စုတ်ပြီးယတြာကို လုပ်မယ်ဗျာ၊ အို… ကြာပါတယ်၊ ဒီနေ့ကစပြီး လုပ်မယ်၊ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ဆရာကြီးပြောတဲ့ယတြာကို ယုံကြည်စွာနဲ့ လုပ်ပါ့မယ်၊ ဆရာကြီးကို ဉာဏ်ပူဇော်ခနဲ့ ကန်တော့ပါတယ်"

လို့ ပြောရင်း ငွေစက္ကူတစ်ထပ်ကြီး ထုတ်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆရာဇျောကြီးကို ဖင်ဘူးတောင်းထောင်မတတ် ကုန်းကန်တော့နေလိုက်တယ်။

မာတင်ဂ်တို့ လူစုကတော့ ချက်နီရဲ့အနောက်ကနေ ကြိတ်ပြီးရယ်နေကြတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# “စိတ်ပြီးယကြာကို ချက်ချိန် လုပ်နိုင်ပါ့မလား”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

# အိမ်မြှောင်ရာပုံတော်

www.burmeseclassic.com

www.burmeseclassic.com



ချက်နီဟာ

အိမ်ကိုကမန်းကတန်း ပြေး သွားတယ်။

အိမ်ကိုရောက်တော့အိမ်အမိုးပေါ်မော့ကြည့်ပြီး
အိမ်မြှောင်ရှာပုံတော် စဖွင့်တယ်။

ချက်နီရဲ့အမေဟာ ခေါင်းတမော့မော့ ဖြစ်နေတဲ့
သားဖြစ်သူကို ကြည့်ပြီး...

"ဟဲ့... ချက်နီ၊ မိုးချုပ်မှ ဘာလုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တဲ့အခါ ချက်နီဟာ မိခင်ကိုလက်ကာပြလိုက်ရင်း...

"နေစမ်းပါအမေရယ်၊ အမေ ဘာမှမသိပါဘူး"

လို့ပြောလိုက်တယ်။

"ဟဲ့... နင့်ကို ဘာဖြစ်နေတာလဲလို့ မေးနေတယ်နော်၊ ဘာတွေ အရှုံးထလာတာလဲ"

မိခင်ရဲ့အမေးကြောင့် ချက်နီဟာ အိမ်မြှောင်ကို မျက်တောင်မခတ်တမ်း ရှာဖွေနေရာမှ...

"ကျုပ်... အိမ်မြှောင်ရှာနေတာ၊ ဒီနေ့ကျမှ ဒင်းတို့ကလည်း အမြီးတောင်မမြင်ရဘူး"

လို့ ပြောလိုက်တဲ့အခါ ချက်နီရဲ့အမေဟာ မျက်လုံးပြူးသွားရင်း...

"အလိုတော်...အိမ်မြှောင်ရှာနေတာဟုတ်လား၊ နင် ရူးသွားပြီလား ချက်နီ"

မိခင်ရဲ့အမေးကြောင့် ချက်နီဟာ စိတ်ရှုပ်သွားနဲ့ ခေါင်းကုပ်လိုက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အမေ မသိပါဘူးဗျာ...၊ ကျုပ် ယတြာ ချေမ လို့ဗျ"

လို့ထပ်ပြောလိုက်တဲ့အခါ မိခင်ဖြစ်သူက

"ဟင်... ယတြာချေမလို့... ဟုတ်လား၊ ကြား သားမိုးကြိုးတော်၊ နင့်လိုအချိန်ပြည့် ထန်းတောထဲက မထွက်တဲ့လူက ယတြာချေမလို့ ဟုတ်လား...၊ နင် ယတြာချေတာနဲ့ အိမ်မြှောင်နဲ့ ဘာဆိုင်လို့တုံး"

လို့ပြန်ပြောလိုက်တယ်။

"ဟာဗျာ... အိမ်မြှောင်မတွေ့ရတဲ့ကြားထဲ အမေ ကတစ်မျောင့်၊ အမေ... ကျုပ်တို့အိမ်က အိမ်မြှောင်တွေ ဘယ်ရောက်သွားကုန်ပြီလဲ၊ တစ်ကောင်မှ မတွေ့ဘူး"

ချက်နီရဲ့စကားကြောင့် မိခင်ဖြစ်သူဟာ ယောင် ရမ်းပြီး...

"ငါလည်း မသိဘူး၊ အိမ်ပြောင်းသွားပြီ ထင် တယ်"

လို့ပြောလိုက်ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



"တယ် ဒီကောင်လေး... ဘာတွေလျှောက်မေးနေတာလဲ၊ နင်ဒီလောက် အိမ်မြှောင်လိုချင်ရင် ဘုန်းကြီးကျောင်းသွား၊ ဦးဇောတိကျောင်းမှာ အိမ်မြှောင်တွေ ပေါ်တယ်"

လို့ ပြောလိုက်တဲ့အခါ ချက်နီဟာ ဝမ်းသာအားရဖြစ်သွားပြီး...

"ဦးဇောတိကျောင်းမှာ အိမ်မြှောင်တွေ ပေါတယ်ဟုတ်လား၊ ဒါဆို... ကျုပ် ဦးဇောတိ ကျောင်းကို သွားမယ်"

လို့ ပြောရင်း အိမ်ပေါ်က ပြေးဆင်းသွားတယ်။

ချက်နီရဲ့မိခင်ဟာ အိမ်မြှောင်ရှာဖွေနေတဲ့ သားဖြစ်သူကို နားမလည်နိုင်စွာဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။

ချက်နီဟာ ရွာဦးကျောင်းဖြစ်တဲ့ ဦးဇောတိကျောင်းကို ကမူးရှူးထိုး ပြေးသွားတယ်။

ကျောင်းရောက်တဲ့အခါ ကျောင်းပေါ်ကို ပြေးတက် သွားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျိန်းဖို့ ပြင်ဆင်နေတဲ့ ဆရာတော်ကြီးဟာ ချက်နီကို မြင်တဲ့အခါ တအံ့တသြဖြစ်သွားရင်း...

"ဒကာလေးချက်နီ...၊ ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လာတာတုံး"

လို့ မေးလိုက်တယ်။

ချက်နီဟာ ဆရာတော်ကြီးကို ဦးချ ဝတ်ပြုလိုက်ရင်း...

"တပည့်တော်.. အိမ်ပြောင်း လာရာတာပါဘုရား"

လို့ လျှောက်တင်လိုက်တဲ့အခါ ဆရာတော်ကြီးက..

"ဟေ.. အိမ်ပြောင်းလာရာတာ ဟုတ်လား၊ ဒကာ့စကားက အဆန်းပါလား"

လို့ ပြောလိုက်မိတယ်။

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော် ယခြားချော့ဖို့ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ချက်နီဟာ ဆရာတော်ကြီးကို လျှောက်တင်နေစဉ်မှာပဲ..

"ကျွတ်... ကျွတ်... ကျွတ်..."

ဆိုတဲ့ စုတ်ထိုးသံကို ကြားလိုက်ရတယ်။

ချက်နီလည်း အိမ်မြှောင်စုတ်ထိုးသံ ကြားရတော့ ဝမ်းသာအားရ ဖြစ်သွားပြီး...

"ကျွတ်... ကျွတ်... ကျွတ်..."

လို့ ရေရွတ်လိုက်မိတယ်။

ဒီအခါမှာ ဆရာတော်ကြီးဟာ ချက်နီကို တအံ့တသြကြည့်ရင်း...

"ဘာဖြစ်လို့လဲ ဒကာချက်နီ"

လို့ မေးလိုက်တယ်။

အိမ်မြှောင်ဟာ အဆက်မပြတ် စုတ်ထိုးနေတဲ့အတွက် ချက်နီဟာ ဆရာတော်ကြီးကို စကားမပြန်နိုင် ရှာဘူး။

အိမ်မြှောင် စုတ်တစ်ချက်သပ်တိုင်း ဘုန်းဘုန်းပါ လိုက်ပြီး တကျွတ်ကျွတ်ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးဟာ ချက်နီကိုကြည့်ရင်း မျက်မှောင်ကြီးကျုံ့သွားရင်း…

"ဒီကောင်ချက်နီ… ဘုန်းကြီး မေးနေတယ်နော်…၊ တကျွတ်ကျွတ်နဲ့ ဘာဖြစ်နေတာတုံး၊ အချိန်မတော်ကြီး ဘုန်းကြီးကျောင်းလာပြီး နောက်ပြောင်နေတာလား"

လို့ မေးလိုက်ပေမယ့် ချက်နီဟာ အိမ်မြှောင်နောက်က သံယောင်လိုက်ပြီး ""ကျွတ်… ကျွတ် …ကျွတ်"" ဖြစ်နေရှာတယ်။

ဆရာတော်ကြီးဟာ ချက်နီကိုကြည့်ရင်း သူ့ကိုလာပြီး နောက်ပြောင်နေတယ်လို့ ယူဆလိုက်တယ်။

ဒါကြောင့် နံရံမှာချိတ်ထားတဲ့ ကြိမ်လုံးကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်ရင်း…

"ဘုန်းကြီး ကျိန်းချိန်မှာတောင် လာပြီးနောက်ပြောင်ဝံ့တဲ့ဒီကောင်၊ ကြိမ်လုံးနဲ့ကို ဆုံးမရအုံးမယ်"

လို့ ရေရွတ်လိုက်ပြီး ချက်နီရဲ့တင်ပါးကို "ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com



ခနဲ ရိုက်လိုက်တယ်။

ချက်နီလည်း ပါးစပ်က တကျွတ်ကျွတ်အော် ဟစ်ရင်း တင်ပါးကို လက်နဲ့အုပ်ပြီး ကျောင်းပေါ်က ပြေးဆင်း တော့တယ်။

လမ်းရောက်တော့ မာတင်တို့လူစုနဲ့ ပက်ပင်း တိုးမိတယ်။

မာတင်ဟာ မျက်နှာပျက်ပြီး ကမူးရှူးထိုး ပြေး လာတဲ့ ချက်နီကိုကြည့်ရင်း...

"ဟေ့ကောင် ဘာဖြစ်လာတာလဲ၊ နောက်က ကျားလိုက်လာလို့လား"

လို့ မေးလိုက်တယ်။

ချက်နီဟာ အမောဆို့နေတဲ့ လေသံကြီးနဲ့

"မော... မောလိုက်တာကွာ၊ ငါ့ကို ဆရာတော် ကြီး ရိုက်လွှတ်လိုက်လို့ကွ"

လို့.... ပြောလိုက်တဲ့အခါ မာတင်တို့ လူစုဟာ မျက်လုံးပြူးသွားရင်း...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဆရာတော်ကြီးက ရိုက်လွှတ်လိုက်တယ် ဟုတ်လား...၊ မဟုတ်မှလွဲရော မင်း ဘုန်းကြီးကျောင်းက ဆွမ်းကျန်တွေ သွားခိုးလို့ပဲဖြစ်မယ်"

လို့ ပြောလိုက်တယ်။

"ဟာကွာ... ငါကဘာလို့ ဆွမ်းကျန်ခိုးရမှာလဲ၊ ငါ့ရုပ်က ဆွမ်းသူခိုးရုပ်ပေါက်နေလို့လား၊ ယတြာချေဖို့ အိမ်မြှောင်သွားရှာတာကွာ၊ အိမ်မြှောင် စုတ်ထိုးတော့ ငါလည်း နောက်ကလိုက်ပြီး ကျွတ်... ကျွတ်... ကျွတ်... လို့ အော်တာပေါ့၊ ဒါကို ဆရာတော်ကြီးက သူ့ကို နောက်ပြောင်တယ်ဆိုပြီး ကြိမ်လုံးနဲ့ ဆော်လွှတ်လိုက်တာကွ၊ ယတြာ စွမ်းမစွမ်းတော့မသိဘူး၊ လောလောဆယ် တော့ တင်ပါးကို နာနေတာပဲကွာ"

ချက်နီရဲ့စကားကြောင့် သူတို့အားလုံး ခွက်ထိုးခွက်လန် အော်ဟာစ်ရယ်မောလိုက်ကြရင်း...

"ဟား... ဟား... ဟား စုတ်ထိုးတာ မနောချင်တဲ့ကောင်၊ ... မှအဲဒီသာစံရမှာ ကိုယ့်လူ၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး ကြိမ်လုံးစာမိပြီးရင်တော့ သေချာတယ်၊ မင်း စုတ်ထိုးရင် နာမှာမဟုတ်တော့ ဘူး၊ ဟား…ဟား… ဟား…"

www.burmeseclassic.com

www.burmeseclassic.com

# “စုတ်ထိုးပွဲမှာ
# ဘာတွေဖြစ်ဦးမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

မင်းခံပုဆိုး

www.burmeseclassic.com

www.burmeseclassic.com



## မနက်ခင်းတစ်ခု...

ပေကုန်းရွာသူရွာသားတွေဟာ ထိုးကွင်းပွဲအတွက် ဖြင်ဆင်ထားတဲ့မဏ္ဍာပ်တွင်းမှာ တက်ညီလက်ညီ လုပ်အားပေးနေကြတယ်။

မာတင်္ဂတို့ ကာလသားတစ်စုလည်း မဏ္ဍာပ်ထိုးခြင်းအလုပ်ကို လက်စသပ်လိုက်ပြီး ရေနွေးကြမ်းဝိုင်းဖွဲ့ချိန်မှာတော့...

www.burmeseclassic.com

www.burmeseclassic.com



"အင်း…မနက်ဖြန်ဆိုတို့ကာလသားတွေရင်ခုန်ရမယ့် ထိုးကွင်းပွဲကိုရောက်ပြီ၊ ပြိုင်ပွဲမှာ တို့အုပ်စုထဲကလူတွေပဲ ဆုရမလား၊ မိုက်လုံးတို့လူစုပဲ အနိုင်ရမလားမသိဘူးကွ"

လို့ ပြောလိုက်တဲ့ မြသီးရဲ့စကားကြောင့် မာတင်ဟာ မျက်နှာတင်းမာသွားရင်း…

"မိုက်လုံးအကြောင်း မပြောနဲ့ကွာ၊ ငါ့ကို သူကြီးအိမ်မှာ သူတောင်းစားလို့ ပြောတဲ့ကိစ္စ ငါ လုံးဝမကျေနပ်ဘူး၊ တောက်…"

လို့ လက်သီးကိုဆုပ်ပြီး ပြောလိုက်တယ်။

"ဟုတ်တယ်ပေါ့ကောင်… ဒီကောင် မင်းကို သက်သက်မဲ့ရန်ရှာပြီး လူပုံအလယ်မှာ အရှက်ခွဲခဲ့တာပဲ၊ ဒီကောင်က နာမည်ကသာ မိုက်လုံးဖြစ်နေတာ၊ သိပ်ကြောက်တတ်တဲ့ကောင်ကွ၊ ဖအေက လယ်ငွေအများကြီးပိုင်တဲ့ လယ်သူဌေးဆိုတော့လည်း စိန်နားကပ်အရောင်နဲ့ ပါးပြောင်နေတာပေါ့ကွာ၊ ငါတော့ ထိုး

www.burmeseclassic.com

www.burmeseclassic.com



ကွင်းပွဲမှာ ဒီကောင် အနိုင်မရနိုင်ဘူးလို့ထင်တယ်"

ချက်နီရဲ့စကားကို ကျန်လူတွေက ဝင်ထောက်ခံလိုက်ပြီး...

"ဟုတ်တယ်ကွ... ငါတို့လည်း ဒီကောင် အနိုင်ရမယ်လို့ မထင်ဘူး၊ ဒါပေမယ့် ဒီကောင်က မာတင်ကို အသားလွတ် မျက်မုန်းကျိုးနေတာကွ၊ ထိုးကွင်းပွဲမှာ ဒီကောင်ရှုံးရင် ဘာပြဿနာတွေ ရှာအုံးမလဲမသိဘူး၊ ရင်လေးတယ်ကွာ..."

လို့ပြောလိုက်တယ်။

"ငါတော့... ဒီကောင့်ကို လုံးဝဂရုမစိုက်ဘူး၊ ပြဿနာရှာတော့လည်း ရှင်းလိုက်ရုံပေါ့ကွာ၊ ဒါပေမဲ့... ငါ... သူကြီးကိုမကျေနပ်ဘူး၊ သူကြီးက မိုက်လုံးရဲ့အဖေ သူဌေးမိုက်ခဲကို ဘုရားထင်နေတာကွ"

မာတင်ရဲ့ စကားမဆုံးခင်ဘဲ ချက်နီက မာတင်ကို အသာလက်ကုပ်လိုက်ပြီး...

"ဟို...ဟိုမှာ... မြစံပယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



လို့ တီးတိုးပြောလိုက်တယ်။

မာတင်ဂ်ဟာ ချက်နီရဲ့စကားကြောင့် ရှာလမ်းမဆီ လှမ်းကြည့်လိုက်တယ်။

ဒူးဆစ်ထိ ရှည်လျားလှတဲ့ဆံပင်ကို ဖားလျားချထားရင်း ကန့်ကလျလေး လျှောက်လာတဲ့ မြစပယ်..

"လှလိုက်တာကွာ...၊ ပေကုန်းရွာမှာ မြစပယ်လောက်လှတဲ့မိန်းမ မရှိဘူးဟေ့ကောင်၊ မာတင်...မင်းသူ့အချစ်ကိုရလို့ကတော့ မင်းလောက် ကံကောင်းတဲ့လူ မရှိဘူး"

မြသီးက မြစပယ်ကို မျက်တောင်မခတ်တမ်းငေးကြည့်ရင်း ပြောလိုက်တယ်။

"မင်းတို့ နေခဲ့ဦးကွာ၊ ငါ မြစပယ်ဆီသွားပြီးစကားပြောလိုက်အုံးမယ်"

မာတင်ဂ်ဟာ သူငယချင်းတွေကို ပြောဆိုရင်းမြစပယ်ရှိရာကို အပြေးတစ်ပိုင်း သွားတော့တယ်။

"မြစပယ်.. ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မာတင်ဂီရဲ့အသံကြောင့် မြစပါယ်ဟာ ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း…

"အမေက နမ်းကြွေးတွေ ကောက်ခိုင်းလို့လေ၊ အဲဒါ သွားမလို့"

လို့ ဖြေလိုက်တဲ့အခါ မာတင်ဂီက မြစပါယ်ကို စူးစိုက်ကြည့်လိုက်ရင်း…

"မြစပယ်… မနက်ဖြန်ဆို ထိုးကွင်းပွဲကြီးရောက် ပြီနော်… နင် ငါ့အတွက် မင်ခံပုဆိုးလေး လက်ဆောင် ပေးပါလား"

လို့ ပြောလိုက်တယ်။

မြစပယ်ဟာ မာတင်ဂီကို မျက်စောင်းထိုးလိုက် ရင်း…

"ဘာလို့ပေးရမှာလဲ မပေးနိုင်ပါဘူးတော်"

လို့ ပြောလိုက်တဲ့အခါ မာတင်ဂီက…

"ထိုးကွင်းပွဲ ပြိုင်မယ့် ကာလသားတွေကို သူတို့ ချစ်သူတွေက မင်ခံပုဆိုး လက်ဆောင်ပေးကြတယ်

www.burmeseclassic.com

ချစ်သူမရှိတဲ့သူ့ခွေကျချော်ရှော့ စီးမင်းကိုယ်တိုင်က မင်းခံ ပုဆိုးပေးရတာ အစဉ်အလာပဲလေ၊ ငါ့မှာကော့ မင်းခံဖို့ပုဆိုး ပေးမယ့် မိခင်မှမရှိတော့ နှစ်မဲ့ရှိတာ... နင်ပေးရမှာ ပေါ့ဟ”

လို့ပြောလိုက်တယ်။

“ငါက နင့်ကို အဖြေမှမပေးရသေးတာ၊ မင်းခံ ပုဆိုးမပေးနိုင်ပါဘူးတော်၊ နင်လိုချင်ရင် ဘုတ်ဆုံမကို ပြောပေးမယ်၊ ဘုတ်ဆုံမက နင့်ကို စိတ်ဝင်စားနေ တာဟ”

မြစပယ်ရဲ့ စကားကြောင့် မှာတင်ပဲဟာ ကမန်း ကတန်းလက်ကာပြလိုက်ရင်း...

“အမလေး ဘုတ်ဆုံမတော့ မလုပ်ပါနဲ့ဟာ၊ သူ့ ခန္ဓာကိုယ်ကြီးက စည်ပိုင်းလိုပဲဟာ၊ ပြီးတော့ အစား လည်းကြီးသေး၊ ဘုတ်ဆုံမကို ချက်နီက ကြိုက်နေတာ ဟ၊ သူ့မှာက ပိုင်ရှင်ရှိပြီးသား၊ ငါက ပိုင်ရှင်မရှိသေး တဲ့နင့်ကိုပဲ”

www.burmeseclassic.com



လို့ပြောလိုက်တဲ့အခါ မြစ်ပယ်က ဝင်ပြီး...

“နင့်ကိုပြောစရာရှိရင် နောက်မှပြောပါ။ ငါ ကြွေး

တောင်းဖို့ နောက်ကျနေပြီ”

လို့ ပြောလာတယ်။

မာတင်ဂ်ဟာ မြစ်ပယ်ရဲ့ရှေ့ကနေ ကာဆီးထား

လိုက်ရင်း...

“နေပါဦးဟာ...ထိုးကွင်းပွဲမှာ ငါ ပထမဆုရရင်

နင် တကယ်အဖြေပေးမှာနော်၊ ငါ့ကို ဘယ်နေရာမှာ

အဖြေပေးမှာလဲ”

လို့ မေးလိုက်တဲ့အခါ မြစ်ပယ်ဟာ ခေါင်းငုံ့နေ

ရင်းက...

“ဟုတ်တယ်...နင် ငွေဖလားဆုရရင် ငါ အဖြေ

ပေးမယ်၊ အင်း...ထိုးကွင်းပွဲက ညနေ စောင်းလောက်မှ

ပြီးမှာဆိုတော့၊ ည ခြောက်နာရီတိတိမှာ နင် ထန်းတော

ထိပ်က စောင့်နေပေါ့၊ ငါ သွားတော့မယ်ဟာ”

လို့ပြောရင်း လှစ်ခနဲ ထွက်ပြေးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မာတာင်ဟာ မြစပယ်ရဲ့ နောက်ကျောကို ငေး ကြည့်ရင်း ပီတိဖုံးတဲ့မျက်နှာကြီးနဲ့ ကျန်ရစ်ခဲ့တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ညနေ (၆) နာရီမှာ တာဖြစ်မလဲ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

# ထိုးကွင်းပွဲ

www.burmeseclassic.com

www.burmeseclassic.com



ပေကုန်းရွာ

တစ်ရွာလုံး အိုးစည်ဗိန်းမောင်း သံတွေ ညံစီနေတယ်။

ရွာလယ်မှာရှိတဲ့ ထိုးကွင်း မဏ္ဍပ်ကြီးမှာတော့ လူတွေတရုန်းရုန်းရှိနေတယ်။

မဏ္ဍပ်ကိုတော့ သုံးဘက်ကာ တစ်ဘက်ဖွင့်ပြီး မြလုပ်ထားပြီး သဲဖြူခင်းထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုးကွင်းအထိုးခံမယ့် နေရာမှာတော့ ဝါးကွပ်ပျစ် တစ်ခုထားရှိပြီး ခန်းဆီးစနဲ့ ကာရံထားတယ်။

ဆိုင်းဆရာက မဏ္ဍပ်ရဲ့ ဘယ်ဘက်အခြမ်းမှာ နေရာယူထားပြီး...

ညာဘက် အခြမ်းမှာတော့ ထိုးကွင်းပွဲလာ ဧည့်ပရိတ်သတ်အတွက် နေရာထိုင်ခင်းတွေ စီစဉ်ပေးထားတယ်။

ထိုးကွင်းအထိုးခံမယ့် ကာလသားတွေဟာ ရင်ခုန်စိတ်လှုပ်ရှားနေကြသလို...

ကွမ်းတောင်ကိုင် အပျိုတစ်စုရဲ့ တွတ်ထိုးသံက လည်း မဏ္ဍပ်တွင်းမှာ ညံညံစီနေတယ်။

လူစုံချိန်မှာတော့ သူကြီးစံဖျောရဲ့ ကျယ်လောင်စူးရှတဲ့ အသံကြီးက ထွက်လာတယ်။

ဗိန်းမောင်းတီးသံတွေ ရပ်သွားသလို အပျိုတစ်စုရဲ့တွတ်ထိုးသံတွေလည်း တိတ်ဆိတ်သွားတယ်။

ဒီအခါမှာ သူကြီးစံဖျောဟာ အားလုံးရှေ့မှာ မတ်တပ်ရပ်လိုက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း…ဒီနေ့ဟာ မြန်မာလူမျိုးတွေရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ တန်ဆောင်မုန်း လပြည့်နေ့ဖြစ်သလို၊ ကျုပ်တို့ ပေကုန်းရွာရဲ့ နှစ်စဉ်နှစ်တိုင်း ထိုးကွင်းပွဲကျင်းပတဲ့နေ့လည်း ဖြစ်ပါတယ်၊ ရှေးမြန်မာအမျိုးသားကြီးတွေဟာ သူတို့ရဲ့သတ္တိ၊ ယောက်ျားပီသကြောင်းကို ထိုးကွင်းမင်ကြောင်ထိုးခြင်းနဲ့ ပြသခဲ့ကြပါတယ်၊ ကျုပ်တို့ ပေကုန်းရွာမှာဖြင့် ကျုပ်အဘိုး သူကြီးဦးဗျော လက်ထက်ကတည်းက နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ထိုးကွင်းပြိုင်ပွဲကို မပျက်မကွက် ပြုလုပ်ကျင်းပခဲ့တာ၊ ကျုပ် သူကြီးဦးစံဗျောလက်ထက်ထိ တိုင်အောင်ပါပဲ၊ အခုဆိုရင်ဖြင့်… မကျွာပ်တွင်းမှာ ထိုးကွင်းပွဲကိုဆင်နွှဲမယ့် ယောက်ျားဘသား ကာလသား လူငယ်တွေလည်း အဆင်သင့်ဖြစ်နေပါပြီ၊ ဒါကြောင့် မကြာမီအချိန်အတွင်းမှာ ထိုးကွင်းပွဲကို စတင်မှာဖြစ်ပါတယ်၊ မင်ခံပုဆိုးကို ကိုယ်တိုင်ဝတ်ပြီး အတွဲမပါတစ်ကိုယ်တည်း ထွက်ခဲ့နိုင်သူက ပထမအဆင့်

www.burmeseclassic.com

www.burmeseclassic.com



အခနေနဲ့ ပထမဆုရရှိပြီး ငွေဖလားကို ဆွတ်ခူးရရှိမှာ ဖြစ်ပါတယ်၊ အခန်းတွင်းကနေ သူများအကူအညီနဲ့ တွဲပြီး ထွက်လာသူက ဒုတိယအဆင့်အနေနဲ့ ငွေလင်ဗန်းကို ရရှိမှာဖြစ်ပါတယ်၊ အထမ်းနဲ့ထွက်လာရသူက တတိယအဆင့်အနေနဲ့ ငွေကြုတ်ကို ရရှိမှာဖြစ်ပါတယ်၊ ထိုးကွင်းထိုးနေရင်း အခန်းတွင်းက ပြေးထွက်လာ သူတွေကတော့ လုံးဝဆုမရှိပါဘူး၊ အရှုံးချိန်ကစပြီး ထိုးကွင်းပွဲကို စတင်ကျင်းပမှာဖြစ်ပါတယ်၊ ပထမဆုံး ယှဉ်ပြိုင်ရမယ့်သူကတော့ ရှာမြောက်မိုင်းက ကာလသား မောင်မိုးနီဖြစ်ပါတယ်

သူကြီးရဲ့ကြေငြာချက်အဆုံးမှာတော့ လက်ခုပ်ဩဘာသံတွေနဲ့အတူ ဆိုင်းဆရာရဲ့ ဗိန်းမောင်းသံကလည်း အဆက်မပြတ်ထွက်ပေါ်လာတယ်။

ပထမဆုံး ယှဉ်ပြိုင်သူဖြစ်တဲ့ မိုးနီဟာ မင်းခံ့ ပုဆိုးကိုလက်မှာကိုင်ရင်း ရင်ကြီးကော့ပြီး စုတ်ထိုးမယ့်အခန်း တွင်းကို ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗိန်းမောင်းဆရာမအဘွားမွဲဦးရွက်မို့ အင်တိုက်အားတိုက် တီးခတ်လိုက်တယ်။

ဗိန်းမောင်းသံကြောင့် ဆေးမင်ဆရာဟာ သွေးဆူလာပြီး စုတ်ကို ခပ်ကြမ်းကြမ်း ထိုးတော့တယ်။

ကျော်လာသွားတဲ့ ပိုးနီဟာ ဆေးမင်ဆရာရှေ့မှာ မိမွေးတိုင်း၊ ဖမွေးတိုင်း အနေအထားနဲ့ မှောက်လျက်တစ်မျိုး ပက်လက်တစ်မျိုး စုတ်ထိုးခံနေရတယ်။

တစ်စစက်တစ်စ ပိုပြင်းလာတဲ့ စုတ်ချက်ကြောင့်ပိုးနီဟာ တဖြည်းဖြည်း မျက်စိမျက်နှာ ပျက်လာတယ်။

ဆေးမင်ဆရာလည်း ဗိန်းမောင်းသံကြောင့် ဈာန်ဝင်ပြီး စုတ်ချက်တွေ ပြင်းလာတယ်။

ပိုးနီဟာ စုတ်တစ်ချက်ထိုးတိုင်း သွေးစက်စက်ထွက်တဲ့ ဝေဒနာကို အံကြိတ်တင်းခံနေရရှာတယ်။

ဘယ်လိုမှ မခံနိုင်တော့တဲ့အဆုံးမှာတော့ ပိုးနီဟာ ဆိုးကိုစွန့်တောင်ဆွဲရင်း ထိုးကွင်းခန်းကနေ ပြေးထွက်ခဲ့တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုးကွင်းပွဲလာ ပရိတ်သတ်ကြီးဟာ ပိုးနီရဲ့ အဖြစ်အပျက်ကြောင့် "ဟာ" ခနဲ ဖြစ်သွားကြတယ်။

ဗိန်းမောင်းဆရာကလည်း ဗိန်းမောင်းကို အရှိန် သတ်လိုက်တယ်။

သူကြီးစံဗျောဟာ ပိုးနီကိုကြည့်ရင်း စိတ်မသက် သာစွာနဲ့ ခေါင်းကိုခါယမ်းလိုက်ရင်း...

"အခု ယှဉ်ပြိုင်ဖို့ အလှည့်ကျသူကတော့ အရှေ့ ပိုင်းသား မောင်သာထူးဖြစ်ပါတယ်"

လို့ ကြေငြာလိုက်တယ်။

ဗိန်းမောင်းသံ စတင်တီးခတ်ချိန်မှာတော့ သာ ထူးဟာ ထိုးကွင်းခန်းထဲကို ချီတုံချတုံနဲ့ ဝင်သွားတယ်။

သူ့မျက်နှာမှာတော့ သွေးမရှိအောင် ဖြူဆုတ် နေတယ်။

ထိုးကွင်းခန်းထဲရောက်ပြော့ ဆေးမင်ဆရာက သာထူးကို ပက်လက်အနေအထားနဲ့ စုတ်ထိုးဖို့ စတင်ပိုင် တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆရာရဲ့ ဗိန်းမောင်းသံကလည်း ဆေးမင်ဆရာရဲ့စိတ်ကို သွေးကြွစေတယ်။

ဆေးမင်ဆရာဟာ ပထမအဆင့်အနေနဲ့ ခါးကနေ ဒူးဆစ်အထိ အရေပြားပေါ်မှာ ဆေးမင်ကို စုတ်ထိုးဖို့ စီရင်လိုက်တယ်။

ပြီးတဲ့အခါ... စတင်ပုံဖော်ဖို့အတွက် ချွန်ထက်နေတဲ့ ကြေးဝါးဆေးမင်တံနဲ့ စုတ်ထိုးဖို့ ရွယ်လိုက်တယ်။

ဒီအခါမှာ ဖိုးသာထူးဟာ ချွန်ထက်စူးရှနေတဲ့ ဆေးမင်တံကို မျက်လုံးပြူးကြီးနဲ့ကြည့်ရင်း...

"ကျုပ်... ကျုပ်ကို ဒီအချွန်ကြီးနဲ့ ထိုးမှာလား ဆရာ၊ ဟို... ဟို... ထိပ်တုံးတဲ့ မင်တံ မရှိဘူးလားဟင်"

လို့ အထိတ်တလန့် မေးလိုက်တဲ့အခါ ဆေးမင်ဆရာဟာ ခေါင်းခါပြရင်း စုတ်ချက်စဖို့ပြင်လိုက်တယ်။

သာထူးဟာ မျက်လုံးကို စုံမှိတ်ရင်း "ဝှန်း" ခနဲ ထထိုင်လိုက်ပြီး...

"အမလေးဗျ...အမေရေ ကယ်ပါအုံး၊ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ချွန်ထက်နေတဲ့ဟာကြီးနဲ့ ထိုးမလို့တဲ့ဗျ၊ ကယ်ကြပါအုံး"

လို့ အော်ဟစ်ပြီး ထိုးကွင်းခန်းကနေ ကမူးရှူးထိုး ပြေးထွက်သွားပြန်တယ်။

မာတင်တို့လူစုဟာ သာထူးရဲ့ အဖြစ်အပျက်ကို ကြည့်ရင်း...

"လူကြည့်တော့ ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးတွေနဲ့၊ သတ္တိကလည်း နည်းလိုက်တာ၊ နေရာချင်း လဲလိုက်ချင်တယ်ကွာ၊ ငါ့ အလှည့်ကလည်း မရောက်နိုင်သေးဘူး"

လို့ မာတင်က ရေရွတ်လိုက်တဲ့အခါ ချက်နီက...

"မာ...မာတင်... ငါ...ငါ စာရင်းပေးမိတာ မှားပြီထင်တယ်၊ ထိုးကွင်းခန်းထဲက ပြေးထွက်လာတဲ့ကောင်တွေ ကြည့်ရတာ တော်တော်နာမယ့် ပုံပဲကွ၊ သူတို့လို ဗလကြီးတွေတောင်မခံနိုင်ရင် ငါ့လို လူဗလံလေးက အသက်ထွက်သွားနိုင်တယ်၊ ငါ...ငါ...သူကြီးကို ပြောပြီး ပြန်ရင်ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်မိတယ်။

ဒီအခါမှာ မာတင်္ဂက ချက်နီကို "အုန်း" ခနဲ နရင်းတီးလိုက်ရင်း...

"ငါ့သူငယ်ချင်းလုပ်ပြီး ဒီလောက်ပဲ သွေးကြောင် ရသလားကွ၊ စာရင်းဖျက်လို့ မရတော့ဘူး၊ မယုံရင်မင်း သူကြီးကို သွားပြောကြည့်ပါလား၊ ဟိုက စိတ်ဆိုးပြီး မင်း တစ်ခါတည်း ထိပ်တုံးစာ ကျွေးလိမ့်မယ်"

လို့ ပြောစဉ်မှာပဲ...

"အပေါ်မ်း... အဟမ်း... ခုတစ်ခါ ယှဉ်ပြိုင်ဖို့ အလှည့်ကျသူကတော့ ရွာတောင်ပိုင်းက မောင်ချက်နီ ပဲ ဖြစ်ပါတယ်"

လို့ သူကြီးက ကြေငြာလိုက်တယ်။

ချက်နီဟာ သူ့အလှည့် ရောက်ပြီဆိုတာ သိ လိုက်ရတဲ့အခါ မျက်စိမျက်နှာပျက်ရင်း...

"ဟော့... ဟော့ကောင်တွေ ဆေးဆရာကြီးနဲ့ အိမ် မြှောင်ယတြာကို ငါချေထားတာပဲ၊ မ... မနာလောက်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးကွ...နော်...""

လို့ အပေါင်းအသင်းတွေကို တီးတိုးပြောလိုက်တယ်။

"ဟုတ်တယ်..ဟုတ်တယ်...၊ မင်း... စုတ်ထိုးရင် မနာအောင် ယတြာလုပ်ထားတာပဲ၊ မနာဘူး... သွားစမ်းပါကွာ မြန်မြန်"

အပေါင်းအသင်းတွေက ချက်နီကိုအားပေးအားမြှောက်ပြုရင်း ထိုးကွင်းခန်းထဲကို တွန်းလွှတ် လိုက်ကြတယ်။

ချက်နီဟာ သတ်ကုန်းရောက်နေတဲ့ နွားတစ်ကောင်လိုမျက်နှာရှုံ့မဲ့ရင်း အခန်းထဲဝင်သွားရတယ်။

ကွမ်းတောင်ကိုင် အပျိုတစ်စုဟာ ချက်နီရဲ့ပုံစံကိုကြည့်ရင်း...

"လူဗလံ ငါးဖောင်ရိုးလေးတော့ ဝင်သွားပြီဟေ့၊ အခန်းထဲကလေးဘက်ထောက်ပြီးပဲထွက်လာမလား ထမ်းစင်နဲ့ပဲ ထွက်လာမလား၊ ဒါမှမဟုတ် စုတ်တံမြင်တာနဲ့ ကြောက်လို့လန့်ပြီး သေးပဲထွက်လာမလား မသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူးဟော့ ဟား... ဟား...ဟား..."

ဆိုပြီး လှောင်ပြောင် ထင်ကြေးပေးကြတယ်။

ထိုးကွင်းခန်းထဲ ရောက်နေတဲ့ ချက်နီခမျာ မျက်လုံးကြီးစုံမှိတ်ရင်း...

"ဘုရားသိကြားမလို့ မနာပါစေနဲ့ဗျာ၊ မနာဘူး...၊ လုံးဝမနာဘူး...၊ ငါ ယတြာချေထားတာပဲ၊ မနာဘူးကွ"

လို့ စိတ်တွင်းက ကြိတ်ပြီး ရေရွတ်နေရှာတယ်။

ဗိန်းမောင်းသံ ခပ်ကြမ်းကြမ်းကြောင့် ဆေးမင်ဆရာဟာ ရှာန်ဝင်ရင်း စုတ်ထိုးဖို့ ရွယ်လိုက်တယ်။

ပြီးတော့ ချက်နီရဲ့ခါးကို စုတ်တံနဲ့ စတင်ထိုးလိုက်တယ်။

ဒီအချိန်မှာပဲ ချက်နီဟာ "အား" ခနဲ အော်ဟစ်သံနဲ့အတူ ငြိမ်ကျသွားရှာတယ်။

ဆေးမင်ဆရာဟာ ချက်နီကိုကြည့်ပြီး အကြီးအကျယ် ထိတ်လန့်သွားတယ်။

"လာကြပါဦးဗျ... စုတ်ထိုးဖို့ပဲ ပြင်ရသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီးပြူးပြီး ငြိမ်ကျသွားတယ်၊ သေပြီလား မသိဘူး"

လို့ ဒေါ်ဟာစ်ပြောလိုက်တဲ့အခါ သူကြီးနဲ့ရွာသားတွေဟာ မျက်လုံးပြူးသွားကြရင်း ချက်နီကို အပြေးလာကြည့်ကြတယ်။

ပြီးတော့... ရွာသားတွေဟာ ချက်နီကို ပွေ့ချီပြီး ဆေးဆရာအိမ်ကို ထမ်းပိုးသွားကြတယ်။

"ဒီတစ်ခါ အလှည့်ကျသူကတော့ ရွာရဲ့ ကာလသားခေါင်းဖြစ်တဲ့ မာတင်ဖြစ်ပါတယ်"

သူကြီးရဲ့ ကြေငြာချက်အဆုံးမှာ မာတင်ဟာ မြစပယ်ရှိရာကို တစ်ချက်လှမ်းကြည့်လိုက်တယ်။

မြစပယ်ကလည်း သူ့ကို အားပေးတဲ့အနေနဲ့ အပြုံးတစ်ပွင့် ချွေပေးလိုက်တယ်။

မာတင်ဟာ စစ်မြေပြင်ထွက်ရမယ့် သူရဲကောင်းတစ်ယောက်လို လက်သီးဆုပ်... ရင်ကိုချီရင်း ထိုးကွင်းခန်းထဲ ဝင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မာတင်္ဂ ထိုးကွင်းခန်းထဲ ဝင်စဉ်မှာပဲ အပျိုခေါင်း ဂျမ်းမေက…

"ဟဲ့… ညည်းတို့ မာတင်္ဂချစ်သူ ဘယ်သူလဲ ဆိုတာ သိချင်လား"

လို့ အပေါင်းအသင်းတွေကို လှမ်းမေးလိုက် တယ်။

"သိချင်တာပေါ့အေ့…ညည်းက…သိလို့လား"

အဖော်တွေရဲ့ အမေးကြောင့် ဂျမ်းမေဟာ မျက် နှာကိုရှုံ့ရင်း…

"အဟဲ… ကျုပ်လည်း ဘယ်သိပါ့မလဲ၊ ဒါပေမယ့် နည်းရှိတယ်၊ ကျုပ်လုပ်ပြမယ်၊ ညည်းတို့ အသာစောင့် ကြည့်နေကြ"

လို့ ပြောပြီး မယောင်မလည်နဲ့ လူအုပ်ထဲ ကနေ ထသွားတယ်။

ဂျမ်းမေဟာ ဆိုင်းဆရာအနားကို အသာချဉ်း ကပ်သွားပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်းဆရာကြီး...... ဆိုင်းကို ဒီထက်ပိုကြမ်းအောင် တီးပေးပါရှင့်""

လို့ ပြောဆိုရင်း ဆုငွေထုတ်ပေးလိုက်တယ်။

ဆိုင်းဆရာကြီးဟာ ဆုကြေး မျက်နှာကြောင့် ဆိုင်းကို အပြင်းနှင်တော့တယ်။

ခပ်ပြင်းပြင်း ဗိန်းမောင်းသံကြောင့် မြစပယ်ဟာ မျက်နှာပျက်သွားပြီး...

"အို... ဆိုင်းဆရာကလည်း အသေတီးနေတော့တာပဲ၊ မာတင်္ဂတစ်ယောက် ဗိန်းမောင်းသံကြောင့် သွေးဆူနေတဲ့ ဆေးမင်ဆရာလက်မှာ မရှုမလှ ခံနေရမှာပဲ၊ မဖြစ်သေးပါဘူး"

လို့ တွေးရင်း ဆိုင်းဆရာကြီးဆီ အသာထသွားပြန်တယ်။

ဂျမ်းမေတို့ အပျိုတစ်စုဟာ ဆိုင်းဆရာရှိရာကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေကြတယ်။

ဒီအချိန်မှာပဲ မြစပယ်ဟာ ဆိုင်းဆရာကြီး၏

www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေပြီး...

"ဆိုင်း...ဆိုင်းဆရာကြီး ဖြည်းဖြည်းတီး ပေးပါ ရှင်၊ ထိုးကွင်းအထိုးခံနေတာ ကျွန်မချစ်သူရှင့်၊ အရမ်း မတီးပါနဲ့ သူ သိပ်နာနေမှာပေါ့"

လို့ ပြောရင်း ဆုငွေချီးမြှင့်လိုက်ပြန်တယ်။

ဆိုင်းဆရာကြီးဟာ ဆုကြေး မျက်နှာကြောင့် ဆိုင်းကို အရှိန်လျှော့လိုက်ပြန်တယ်။

ဒါကိုမြင်တွေ့သွားတဲ့ ဂျမ်းမေတို့အပျိုတစ်စုဟာ တအံ့တသြဖြစ်သွားရင်း...

"တွေ့တယ်မှတ်လား၊ ဘုတ်ဆုံမ... ညည်းတော့ ငိုချင်းတပေတော့၊ မာတင်္ဂရဲ့ပိုင်ရှင်ဟာ မြစပယ် ဖြစ် နေပါလား"

လို့ ပြောလိုက်တဲ့အခါ ဂျမ်းမေရဲ့စကားကြောင့် ဘုတ်ဆုံမဟာ မျက်နှာ အကြီးအကျယ်ပျက်သွားရတော့တယ်။

ဒီအခါမှာ အပျိုမအေးရီက ဘုတ်ဆုံမကို ကြည့် ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အားမလျှော့ပါနဲ့ဟာ မာတင်ကို မရတော့လည်း အဟဲ… ညည်းကို အသေကြိုက်တဲ့ ချက်နီရှိသေးတာပဲ၊ နင်တို့နှစ်ယောက် ပေါင်းလိုက်ရင် ဖိုးလမင်းကြီးဘေးချထားတဲ့ ဘဲဥလိုဖြစ်နေအုံးမှာ သေချာတယ်"

လို့ ပြောလိုက်တဲ့အခါ အပျိုတစ်စုဟာ "ဝါး" ခနဲ ပွဲကျသွားကြတယ်။

အတန်ကြာတဲ့ အခါမှာတော့ မာတင်ဟာ ထိုးကွင်းခန်းထဲကနေ မင်းခံပုဆိုးကို ကိုယ်တိုင်ဝတ်ဆင်ပြီး အောင်မြင်မှုခြေလှမ်းတွေနဲ့ တစ်ကိုယ်တော် ထွက်လာတော့တယ်။

ရွာသူရွာသားတွေဟာ မာတင်ကို လက်ခုပ်လက်ဝါးတီးရင်း တခနဲနက်အားပေးကြတယ်။

ဒါကို မြင်တွေ့လိုက်ရတဲ့ မိုက်လုံးကတော့ မျက်နှာကြီးမည်းတက်လာရင်းမကျေမနပ်တက်ခေါက်လိုက်တယ်။

မြစပယ်ဟာ ထိုးကွင်းခန်းထဲက အောင်မြင်စွာထွက်လာတဲ့မာတင်ကိုကြည့်ပြီး ဝမ်းသာကြည်နူးနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတစ်ခါအလှည့်ကျသူကတော့ သူဌေးဦးမိုက် ခဲရဲ့သား... ကာလသား မိုက်လုံးဖြစ်ပါတယ်"

သူကြီးရဲ့ ကြေငြာချက်အဆုံးမှာတော့ မိုက်လုံး ဟာ ထိုးကွင်းခန်းထဲကို ခြေလှမ်းကျဲကြီးနဲ့ ဝင်သွားတော့တယ်။

ဆိုင်းဆရာကလည်း ဆိုင်းကို ခပ်ပြင်းပြင်း တီး ခတ်လိုက်တယ်။

ဘုတ်ဆုံမဟာ မိုက်လုံး အခန်းထဲဝင်သွားပုံကို ကြည့်ရင်း...

"ကာလနာ မိုက်လုံး... မာတင်ကို ကြည့်ပြီး ဒေါသတကြီးဝင်သွားတာ ညည်းတို့တွေ့လား၊ ပုံစံကို က ထောင့်မကျိုးဘူး၊ မာတင်ကို သူတောင်းစားလို့ ပြောတဲ့ကောင်၊ စုတ်ထိုးရင်း တစ်ခါတည်း အသက် ထွက်ပါစေတော်"

လို့ မကျေမနပ် ရေရွတ်လိုက်တဲ့အခါ ဂျမ်းမေက ဘုတ်ဆုံမရဲ့ကျောကို အသာဖိပေးရင်း...

"စိတ်ကိုလျှော့... ဘုတ်ဆုံမ၊ ဟိုက ပိုင်ရှင်ရှိနေပြီ

www.burmeseclassic.com

www.burmeseclassic.com



အေ့၊ တရားနဲ့ဖြေပါအေ၊ မဖြေနိုင်လည်း မပူပါနဲ့၊ ညည်းကိုကျုပ်… ငှက်ပျောတုံး လက်ဆောင်ပေးမယ်၊ ငှက်ပျောတုံးဖက်ရင်း အရိုးထုတ် လိုက်ပေါ့အေ"

လို့ နောက်ပြောင်လိုက်ပြန်တယ်။

အပျိုတစ်သိုက်လည်း တဝါးဝါးတဟားဟားနဲ့ ပွဲကျသွားပြန်တယ်။

စုတ်ထိုးမှု ပြီးစီးချိန်မှာတော့ မိုက်လုံးဟာ ထိုးကွင်းခန်းထဲကနေ ဆေးမင်ဆရာကိုတွဲရင်း ထွက်လာတယ်။

မိုက်လုံးရဲ့ မျက်နှာကြီးကတော့ နီမြန်းပြီး ခေါင်းငိုက်စိုက်နဲ့….

ရွာသူရွာသားတွေကလည်း လက်ခုပ်လက်ဝါးတီးရင်း ကြိုဆိုဂုဏ်ပြုကြတယ်။

ထိုးကွင်းပြိုင်ပွဲ ပြီးဆုံးချိန်မှာတော့ မာတင်ဟာ ပထမဆုအနေနဲ့ ငွေဖလားကို ဆွတ်ခူးရရှိခဲ့ပြီး မိုက်လုံးက ဒုတိယဆုဖြစ်တဲ့ ငွေလင်ပန်းကို ရရှိခဲ့တယ်။ တတိယဆုဖြစ်တဲ့ ငွေကြုတ်ကိုတော့ တောင်ပိုင်းသား မြမောင်က ရရှိခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ချိန်းဆိုထားတဲ့ည...?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

# အလောင်းပျောက်ဆုံးမှု

www.burmeseclassic.com

www.burmeseclassic.com



## ထိုးကွင်းပွဲမှာ

ငွေဖလားဆုကိုရရှိခဲ့တဲ့ မာတင်္ဂဟာ မြစပယ်နဲ့ ချိန်းဆိုထားတဲ့ ထန်းတောထိပ်ကို ကြည်နူးမှုအပြည့်နဲ့ ထွက်လာခဲ့တယ်။

ထန်းတောထိပ် ရောက်တဲ့အခါ တစ်ယောက်တည်း အတွေးနယ်ချဲ့ရင်း မြစပယ်ကို စောင့်နေမိတယ်။

အချိန်က တဖြည်းဖြည်း မှောင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြစပယ်ရဲ့ အရိပ်အယောင်တောင် မမြင်ရသေးဘူး။

မာတင်ဟာ ထန်းတောစပ်မှာ စိတ်လှုပ်ရှားပြီး ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလိုက်တယ်။

ဒီအချိန်မှာပဲ သစ်ရွက်ခြောက်တွေကို ဖြတ်နင်းလာတဲ့ ခြေသံကို ကြားလိုက်ရတယ်။

မာတင်ဟာ စိတ်လှုပ်ရှားစွာနဲ့ နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

မျက်နှာမှာအဝတ်စည်းထားတဲ့လူတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရတယ်။

"ဟင်... မင်း...မင်း..ဘယ်သူလဲ"

မာတင်ရဲ့ စကားမဆုံးခင်မှာပဲ အဝတ်စည်းထားတဲ့လူဟာ ခါးကြားက ဓားမြှောင်ကို ဆတ်ခနဲဆွဲထုတ်လိုက်တယ်။

ပြီးတော့ မာတင်ရဲ့ ရင်ဝကို အားကုန်ထိုးစိုက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မာတင်ဂ်ဟာ အမှတ်မထင် ဖြစ်ရပ်ကြောင့် အော်ဟစ်ချိန်တောင် မရလိုက်ဘူး။

မြေပေါ်ပုံလဲကျသွားရှာတယ်။

အဝတ်စည်းထားတဲ့လူဟာ ထန်းတောထဲ ပြေးဝင် ပျောက်ကွယ်သွားတော့တယ်။

ဒီအချိန်မှာပဲ ထန်းတောထဲက ပြန်လာတဲ့ ထန်းရည်သမားတစ်ယောက်ဟာ ဒယိမ်းဒယိုင် ခြေလှမ်းတွေနဲ့ ထန်းတောစပ်ကို ရောက်လာခဲ့တယ်။

မြေပေါ်လဲကျနေတဲ့ မာတင်ဂ်ကို တွေ့တဲ့အခါ ထန်းရည်သမားဟာ မျက်လုံးကို ပွတ်ကြည့်ရင်း

"ဘယ်ကောင်လဲကွ ရေချိန်ကိုက်ပြီး မှောက်နေပြီထင်တယ်၊ ဟေ့ကောင်... ထစမ်း... ထစမ်းကွာ..."

လို့ ရေရွတ်ပြီး မာတင်ဂ်ကို ဆွဲထူလိုက် တယ်။

"ဟာ... မာတင်ဂ်ပါလား၊ ထိုးကွင်းပွဲမှာ ငွေဖလား ကြီးရလို့ အပျော်လွန်ပြီး မူးအောင်သောက်လာပြီ ထင်တယ်၊ ဟေ့ကောင်... ထကွာ မင်းကို ငါပြန်ပို့ပေး

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်ကွ၊ ထန်းတောထဲမှာအိပ်တာ မကောင်းပါဘူး

ကွာ"

ထန်းရည်သမားဟာ မူးမူးရူးရူးနဲ့ ပြောချင်ရာ

ဖွတ်ပြောရင်း မာတင်ကို ပွေ့ထူပေးလိုက်တယ်။

ဒီအခါမှာ ထန်းရည်သမားဟာ မြေပေါ်မှာ အိုင်

ထွန်းနေတဲ့ သွေးကွက်ကြီးကို မြင်တွေ့သွားပြီး

"ဟာ... သွေး...သွေးတွေပါလား၊ မာတင်...

မာတင်"

လို့ အော်ဟစ်လှုပ်နှိုးလိုက်တယ်။

ထန်းရည်သမားဟာ တောင့်တင်းနေတဲ့ မာတင်

ရဲ့ခန္ဓာကိုယ်ကြီးကိုကြည့်ရင်း.....

"ဟာ သေပြီထင်တယ်... မ... မဖြစ်ဘူး၊ သူကြီး

ကို အမြန်သွားပြီး အကြောင်းကြားရမယ်"

လို့ ရေရွတ်လိုက်ပြီး ရွာထဲကို ကမူးရှူးထိုးနဲ့

ပြေးဝင်သွားတော့တယ်။

"သူကြီး... သူကြီး... လုပ်ပါဦးရှို့... ထန်းတောထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ မာတင်ဂ်သေနေပြီ"""

ထန်းရည်သမား အော်ဟစ်ပြီး ပြေးလာတာ ကို သူကြီးနဲ့ရွာသားတွေဟာ မြင်တွေ့သွားပြီး

"ဟေ့ကောင်... ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ..."

လို့ အထိတ်တလန့် ဝိုင်းမေးကြတယ်။

"ထန်း... ထန်းတောစပ်မှာ မာတင်ဂ် သေ နေပြီ"

ထန်းရည်သမားရဲ့ အပြောကြောင့် သူတို့အား လုံး မျက်လုံးပြူးသွားမိပြီး...

"သေချာရဲ့လားကွာ... မင်း... မူးရူးပြီး လျှောက်ပြောနေတာလား"

လို့ဝိုင်းဝန်းမေးကြတဲ့အခါ ထန်းရည်သမားက...

"တကယ်ပါသူကြီးရယ်၊ ကျုပ် မူးပြီးပြောတာ မဟုတ်ပါဘူး၊ မယုံရင် လိုက်ကြည့်ပါ"

လို့ ပြောလိုက်တယ်။

"ကဲ.. ဟုတ်, မဟုတ် သေချာအောင် ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ထန်းတောကို သွားကြည့်ကြမယ်၊ မဟုတ်လို့ကတော့ မင်းထိပ်တုံးစာမိပြီမှတ်"

သူကြီးဟာ ပြောဆိုရင်း ရွာသားတွေနဲ့အတူ ထန်းတောဘက်ကို ထွက်ခဲ့ကြတယ်။

ထန်းတောစပ်ကို ရောက်တော့ ထန်းရည်သမား ဟာ မျက်လုံးပြူးသွားရင်း...

"ဟာ... မာတင်် မရှိတော့ဘူး၊ ဘယ်လိုဖြစ် တာလဲ"

လို့ ရေရွတ်လိုက်မိတယ်။

သူကြီးဟာ ထန်းရည်သမားကို မျက်မှောင် ကြုတ်ကြည့်လိုက်ရင်း...

"ဘယ်မလဲကွ မာတင်၊ မင်းပြောတော့ ဓားဒက် ရာကြီးနဲ့ သေနေတာဆို၊ အခု ဘယ်ရောက် သွားလဲ"

လို့ မေးလိုက်တဲ့အခါ ထန်းရည်သမားဟာ မျက် နှာပျက်သွားရင်း...

"ကျုပ် မညာပါဘူး သူကြီးရယ်၊ ဒီနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကိုတွေ့ခဲ့တာပါ။ မာ...မာတင်ဂ်ရဲ့အလောင်းကြီး ဘယ်ရောက်သွားလဲ၊ သိပ်ထူးဆန်းနေပြီ"

လို့ရေရွတ်လိုက်မိတယ်။

ဒီအခါမှာ သူကြီးက ရွာသားတွေဘက်လှည့်ရင်း...

"မင်းတို့ ရွာထဲသွားပြီး မာတင်ဂ်ကို လိုက်ရှာကြစမ်း၊ မာတင်ဂ်ကို တွေ့လို့ကတော့ ငမူး မင်း သေပြီသာမှတ်""

လို့ပြောလိုက်တယ်။

သူကြီးရဲ့ ခိုင်းစေမှုကြောင့် ရွာသားတစ်ချို့ဟာ ရွာဘက်ထွက်သွားကြတယ်။

ထန်းရည်သမားကတော့...မာတင်ဂ်ရဲ့အလောင်း ရုတ်တရက် ပျောက်ဆုံးသွားပုံကို မယုံနိုင်အောင် ဖြစ်နေမိတယ်။

သူကြီးလည်း သူ့ကို မယုံကြည်တဲ့မျက်လုံးတွေနဲ့အကဲခတ်နေပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထန်းရည်သမားဟာ စိတ်ရှုပ်ထွေးဟန်နဲ့…

"ကျုပ်တော့ မတွေးတတ်တော့ဘူး သူကြီး ရယ်၊ မာတင်ဂ်ဟာ ရင်ဝမှာ ဓားတန်းလန်းကြီးနဲ့ လဲနေတာဗျ၊ အခု… အလောင်းပျောက်နေပြီ၊ ဘယ်လိုဖြစ်တာလဲ မသိဘူးဗျာ"

လို့ ပြောလိုက်တဲ့အချိန်မှာပဲ ရွာသားတစ်အုပ် ပြန်ရောက်လာပြီး…

"မာတင်ဂ် ရွာထဲမှာမရှိဘူး သူကြီး၊ ကျုပ်တို့ တစ်ရွာလုံးပတ်ရှာခဲ့တယ်၊ ဘုန်းကြီးကျောင်းမှာလဲ မရှိဘူး။ သူ့ သူငယ်ချင်းတွေပြောတော့ မြစပယ်နဲ့ ထန်းတောစပ်မှာ ချိန်းထားတာ သွားမလို့ဆိုပြီး ထိုးကွင်းပွဲပြီး ကတည်းက ထွက်သွားတာတဲ့"

လို့ပြောလိုက်တယ်။

ဒီအခါမှာ သူကြီးဟာ မျက်မှောင်ကြီး ကြုံ့သွားရင်း…

"ဒီအတိုင်းဆို ငမူးပြောနေတာ မှန်နေပြီပေါ့

www.burmeseclassic.com



ဒါပေမယ့်... မာတင်္ဂရဲ့အလောင်းက ဘာလို့ မရှိတော့တာလဲ၊ သိပ်ထူးဆန်းနေပြီ"

လို့ ပြောလိုက်တဲ့အခါ ရှာသားတစ်ယောက်က...

"ဟာ... သူကြီးကလည်း ဒီကောင် ငမူးစကားကို ယုံရတာမဟုတ်ဘူး...၊ မာတင်္ဂဟာ မြစပယ်ကို ခိုးပြေးသွားတာလဲ ဖြစ်နိုင်တာပဲဗျ၊ အကောင်းဆုံးကတော့... ကျုပ်တို့ရှာပြန်ပြီး မြစပယ်ကို သွားမေးကြမယ်"

လို့ ပြောလိုက်တဲ့အခါ သူကြီးဟာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"မင်းပြောတာ ဖြစ်နိုင်တယ်၊ မြစပယ်အိမ် ကို သွားကြမယ်"

လို့ပြောပြီး သူကြီးတို့လူစုဟာ ထန်းတောစပ်က ထွက်ခွာသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မာတာဂီရဲ့အလောင်း

# ဘယ်ရောက်သွားသလဲ ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းမီးတောက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



"မြစပယ်…

ဗိုျုး…မြစပယ်…""

ခြံဝက ခေါ်သံကြောင့် မြစပယ်ဟာ ရှာသား တွေကို မြင်လိုက်ရတာကြောင့် တအံ့တဩဖြစ်သွားရင်း…

"သူကြီးတို့ပါလား ဘာကိစ္စကြောင့်များ အမှောင် ကြီးထဲ ရောက်လာကြသလဲရှင်"

လို့ မေးလိုက်တဲ့အခါ သူကြီးက…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ မာတင် ကိစ္စကြောင့် ရောက်လာတာပါ မြစပယ်၊ မြစပယ်နဲ့ မာတင်... ညနေ ခြောက်နာရီလောက်က ထန်းတောစပ်မှာ ချိန်းထားကြတာ ဟုတ်သလား"

လို့ မေးလိုက်တယ်။

ကြားလိုက်ရတဲ့ စကားသံကြောင့် မြစပယ်ဟာ ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး...

"သူနဲ့ချိန်းထားတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ အမေက မြောက်ပိုင်းမှာ အကြွေး သွားတောင်းနိုင်းတာနဲ့ ကျွန်မ မသွားဖြစ်ခဲ့ပါဘူး၊ မာတင် ဘာ ဖြစ်လို့လဲ"

လို့ မေးလိုက်တဲ့အခါ သူကြီးက အကြောင်းစုံ ရှင်းပြလိုက်တယ်။

"ဟင်...ဒါ...ဒါဆို မာတင် ဓားထိုးခံရပြီး သေသွားပြီပေါ့၊ အလောင်းကလည်း ပျောက်နေတယ်ဆိုတော့ ဘယ်... ဘယ်လိုလုပ်ကြမလဲ သူကြီးရယ်၊ ဒုက္ခပါပဲ ရှင်..."

www.burmeseclassic.com

www.burmeseclassic.com



လို့ စိတ်မကောင်းကြီးစွာနဲ့ ရေရွတ်လိုက်မိတယ်။

"ကျုပ်တို့လည်း မာတင်အလောင်း ပျောက်နေလို့ အတော်ခေါင်းခြောက်နေပြီ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူး၊ သိပ်ခက်တယ်"

သူကြီးရဲ့ ညည်းညူသံကြောင့် ရွာသားတစ်ယောက်ကဝင်ပြီး...

"မာတင် ဓားထိုးခံရတယ်ဆိုတော့ သူ့ကို ရန်ငြိုးရှိတဲ့ လူတစ်ယောက်က လုပ်ကြံသွားတာ ဖြစ်ရမယ်၊ ကျုပ်အထင်တော့...လယ်ရှင်သား မိုက်လုံးများလား"

လို့ ထင်ကြေးပေးလိုက်တဲ့အခါ သူကြီးဟာ အထိတ်တလန့်ဖြစ်သွားရင်း...

"ဟေ့ကောင် မဟုတ်တာမပြောနဲ့ကွ၊ မိုက်လုံးက ဘာလို့လုပ်ကြံရမှာလဲ၊ မဖြစ်နိုင်ဘူး"

လို့ပြောလိုက်တယ်။

ဒီအခါမှာ ရွာသားတစ်ယောက်က ဝင်ပြီး—

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်သူကြီးရ၊ မိုက်လုံးက မာတင် ကို ထိုးကွင်းပွဲမှာ ငွေဖလားကြီးရသွားလို့ ကျေနပ်တာ မဟုတ်ဘူးဗျ၊ မာတင်… မာတင်… ငွေဖလားဆုရပြီး ငါတို့တောင် ထန်းရည်မတိုက်သွားနိုင်ဘူး၊ အဖြစ်ဆိုး လိုက်တဲ့ မာတင်…"

လို့ ရေရွတ်လိုက်တဲ့အခါ သူကြီးဟာ ရှာသားရဲ့ခေါင်းကို "တိန်" ခနဲမြည်အောင် ခေါက်ချလိုက်ရင်း…

"ကျက်သရေမရှိ အော်မနေနဲ့၊ မာတင် ဓားထိုးခံရပြီး အလောင်းပျောက်နေတဲ့ ကိစ္စ ပေါ့လို့မရဘူး၊ မာတင်ရဲ့ အလောင်းကို မင်းတို့အားလုံး တွေ့အောင်ရှာ၊ မတွေ့လို့ကတော့ မင်းတို့အားလုံး ထိပ်တုံးခတ်ပစ်မယ်၊ ဒါပဲ"

လို့ပြောပြီး ချာခနဲ လှည့်ထွက်သွားတယ်။

ရှာသားတွေဟာ သူကြီးရဲ့နောက်ကျောကို ငေး ကြည့်ရင်း…

"မာတင်… မာတင်… သေတာတောင် တစ်ရှာ

www.burmeseclassic.com

www.burmeseclassic.com



လုံးကို အမှုပတ်သွားသေးတယ်၊ လာကြည့်ပါအုံး မာတင်္ဂရဲ့…၊ မင်း ကောင်းမှုကြောင့် ငါတို့အားလုံး မသာရှာပုံတော် ဖွင့်ရအုံးမယ်"

လို့ ရေရွတ်လိုက်တဲ့အခါ မြစပယ်က…

"ရှင်တို့ကလည်း မာတင်္ဂဟာ ပေကုန်းရွာသား တစ်ယောက်ပါ၊ ကိုယ့်ရွာသားအချင်းချင်း စာနာစိတ် ကလေးတောင် မရှိကြဘူးလား၊ သူ့နေရာမှာ ရှင်တို့သာ ဆိုရင် ဘယ်လိုခံစားရမလဲ၊ တွေးကြည့်စမ်းပါ"

လို့ မာတင်္ဂအတွက် စိတ်ထိခိုက်ပြီး ပြောလိုက်မိတယ်။

ရွာသားတစ်စုဟာ မြစပါယ်ရဲ့ စကားကြောင့် မျက်နှာရှုံ့မဲ့သွားရင်း…

"အမယ်လေး… မြစပယ်……၊ ညည်းက အဖြေ တောင် မပေးရသေးဘူး၊ မာတင်္ဂဘက်က နာနေပါ ရောလား၊ စိတ်လျှော့… စိတ်လျှော့"

လို့ ပြောလိုက်တဲ့အခါ မြစပါယ်ဟာ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားပြီး…

"ရှင်တို့ လျှောက်မပြောနဲ့၊ သူနဲ့ကျွန်မ ဘာမှ မဆိုင်ဘူး၊ ကျွန်မနဲ့မဆိုင်ပေမယ့်အခု သူကြီးပြောသွားတာ ကြားတယ်မဟုတ်လား၊ ရှင်တို့နဲ့ ဆိုင်နေပြီ…၊ ရှင်တို့ သူ့ကို တွေ့အောင်ရှာရမယ်၊ ကဲ… သွားကြပါတော့ ရှင်"

လို့ပြောဆိုရင်းအိမ်ထဲလှည့်ဝင်ခဲ့တယ်။

ရွာသားတစ်စုဟာ မသာရှာပုံတော် ဖွင့်ရမယ့် အရေးတွေးမိပြီး ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေမိကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အလောင်း

# ဘယ်ပျောက်နေလဲ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

## သချိုင်းကုန်းမှ လေချွန်

www.burmeseclassic.com

www.burmeseclassic.com



## နောက်တစ်နေ့

မနက်မှာတော့ ပေကုန်းတစ်ရွာလုံး မာတင်္ဂ ပျောက်ဆုံးမှုကြောင့် အုံးအုံးကြွက်ကြွက် ဖြစ်သွားကြတယ်။

ရွာသားတစ်ချို့ဟာ မာတင်္ဂ ပျောက်ဆုံးခဲ့တဲ့ ထန်းတောစပ်ကို သွားပြီး စူးစမ်းလေ့လာကြတယ်။

စုံထောက်ရူး ရူးနေတဲ့ ထွန်းဆိုတဲ့ လူတစ်ယောက်ဟာ မှန်ဘီလူးကြီးကိုင်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် လေ့လာရသလောက်တော့ မာတင်ဟာ ထန်းတောစပ်ကို ရောက်လာတယ်၊ ပြီးတော့ ဒီထန်းပင်ရဲ့အရင်းကို ကျောမှီပြီးနေခဲ့တယ်၊ အဲဒီအချိန်မှာပဲ သူ့အနောက်က လူတစ်ယောက် ရောက်လာတယ်။ ခြေသံကြားတဲ့အတွက် မာတင်ဟာ ဆတ်ခနဲလှည့်ကြည့်လိမ့်မယ်၊ အဲဒီမှာ လုပ်ကြံမယ့်လူက သူ့ကို ဓားနဲ့ထိုးသွားတာပဲဗျ"

လို့ ပြောလိုက်တဲ့အခါ ငပွဆိုတဲ့ကာလသားက...

"တယ်ဟုတ်ပါလား၊ ငထွန်း မင်းကသိလှချည်လား... ကောန္တ... မာတင်ကို ဓားနဲ့ထိုးသွားတာ မင်းများဖြစ်နေမလားပဲ"

လို့ ဒါမြင်ကပ်ကပ်နဲ့ ပြောလိုက်တယ်။

ငပွရဲ့စကားကြောင့်ငထွန်းဟာမျက်လုံးပြူးသွားရင်း...

"ဟေ့ကောင်ငပွ၊ မင်း မဟုတ်တာ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့၊ ငါက နှစ်ပေါင်းများစွာ လေ့လာခဲ့တဲ့ စုံထောက်ပညာနဲ့ ပြောတာကွ၊ ဒီမှာတွေ့လား၊ ငါ့လက်မှာ ကိုင်ထားတဲ့ မှန်ဘီလူးကို၊ ဒီမှန်ဘီလူးနဲ့ ကြည့်ပြီး သဲလွန်စ ရှာထားတာကွ၊ လူကို မယုံချင်နေပါကွာ၊ ပညာကိုတော့ မစော်ကားပါနဲ့၊ အဟဲ... မင်းတို့ကငါ့ကို အထင်သေးရင်ဆက်ပြောအုံးမယ်၊မာတင်ဂ်ရဲ့အလောင်းကြီး ဘယ်ရောက်သွားသလဲ၊ မင်းတို့သိချင်လား"

လို့ ရင်ကြီးကော့ပြီး ပြောလိုက်တဲ့အခါ ရွာသားတွေဟာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြရင်း....

"ဟင်... အလောင်းရောက်နေတဲ့နေရာ မင်းသိတယ် ဟုတ်လား၊ ပြောစမ်းပါ ငထွန်းရာ၊ ဒီအလောင်းတွေမှ ငါတို့ သူကြီးရဲ့ထိတ်တုံးက လွတ်မှာကွ၊ မြန်မြန်ပြောကွာ"

လို့ ဝိုင်းပြောကြတယ်။

ဒီအခါမှာ စုံထောက်ရှုးငထွန်းက မျက်မှောင်ကြုတ် စဉ်းစားဟန်ပြုရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အင်း... အလောင်းပါဆိုမှ သချိုင်းမှာပဲ ရှိမှာပေါ့ကွ၊ မင်းတို့ မယုံရင်သွားကြည့် တွေ့ကိုတွေ့ရလိမ့်မယ်"

လို့ ပြောလိုက်တဲ့အခါ ရွာသားတွေဟာ ဒေါသအကြီးအကျယ်ထွက်သွားရင်း...

"ဟ... အလောင်း သချိုင်းမှာရှိတာတော့ မင်းပြောမှလားကွ၊ ငါတို့ လိုချင်တာ အရှင်လတ်လတ်ဓားထိုးခံရပြီး သေသွားတဲ့ မာတင်ရဲ့အလောင်းကွ၊ စုံထောက်ရူးရဲ့"

လို့တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတယ်။

"ငါ့စကားကို မယုံရင် မင်းတို့သွားကြည့်ကြလေ၊ ဘာကြေးလောင်းမလဲ ပြော... မာတင်ရဲ့အလောင်းကို တွေ့ရင် မင်းတို့ ငါ့ကို ဘယ်လောက်ပေးမလဲ ပြော၊ ငွေနှန်းတို့က မပိုင်ရင် မပြောဘူး"

စုံထောက်ရူးငထွန်းရဲ့အတည်ပေါက်ပြောလိုက်တဲ့စကားကြောင့် ရွာသားတွေဟာ တွေဝေသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ရွာသားတစ်ယောက်က

"အေး...သင်္ချိုင်းမှာ မာတင့်ရဲ့အလောင်း မတွေ့လို့ကတော့ ထွန်း...မင်းကိုပဲ သူကြီးဆီခေါ်သွားပြီး ထိပ်တုံးခတ်ခိုင်းတော့မယ်၊ သင်္ချိုင်းရောက်ရင် အဖြေပေါ်ပြီ၊ ကြာတယ်ကွာ၊ ခုပဲသင်္ချိုင်းကို သွားကြရအောင်"

လို့ ခေါ်ဩရင်း သင်္ချိုင်းဆီ ချီတက်သွားကြတယ်။

လမ်းခုလတ်အရောက်မှာ ထွန်းဟာ မျက်နှာကို ရှုံ့မဲ့လိုက်ရင်း...

"အား... ကျွတ်...ကျွတ်... ဗိုက်နာလိုက်တာကွာ၊ ငါ...ငါ... ချုံတိုးလိုက်အုံးမယ်"

လို့ ညည်းညူလိုက်တယ်။

"ဟော့ကောင်ထွန်း မင်း စုံထောက်ရှုးပီပီ ဘာတွေညာ၏များဖို့ ကြိုးစားနေတာလဲ၊ ရိုးနေပြီ"

ကာလသားငပွရဲ့ စကားကြောင့် ထွန်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကိုလက်နဲ့ဖိရင်း…

"ညက်မများပါနဲ့ကွာ၊ ငါ…ငါ့တကယ် ဗိုက်နာလို့ပါ၊ အား… မရတော့ဘူး၊ အမယ်လေးဗျ"

လို့ အော်ဟစ်ရင်း ချုံပုတ်တစ်ခုထဲ ပြေးဝင်သွားတယ်။

ရှာသားတစ်စုဟာ ချုံပုတ်ဆီက ပျံ့လွင့်လာတဲ့ အနံ့အသက်ဆိုးကြောင့် မျက်နှာရှုံ့မဲ့သွားကြပြီး…

"ဟာ… နံလိုက်တာကွာ၊ ဘယ်ကာလတည်းက မထုတ်ဘဲ အောင်းထားတာတွေလဲ မသိဘူး၊ နေပါစေကွာ…၊ ဒီကောင် တကယ် ချူတိုးနေတာကွ၊ ငါတို့ သချိုင်းကို ဆက်သွားကြမယ်"

လို့ ပြောရင်း သချိုင်းကို ဆက်သွားခဲ့ကြတယ်။

သူတို့အားလုံး သချိုင်းပရဝဏ်ကို ခြေချမိစဉ်မှာတော့ သဲကြီးဆိုတဲ့ရှာသားက…

"သချိုင်းကြည့်ရတာ ဒီနေ့မှ ပိုပြီးချောက်ခြားဖို့ကောင်းနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ ကာလသား ထွန်းမောင်က...

"မင်းကျီးတော်မှပဲ... သချိုင်းကုန်းပါဆိုမှ ပွဲဈေးတန်းလို စည်ကားပါ့မလားကွ၊ ဘာလဲ မင်းကြောက်နေပြီလား၊ မကြောက်ပါနဲ့ကွာ... လူဆိုတာ သေမျိုးချည်းပဲကွ၊ မင်းလည်း တစ်နေ့ ဒီ နေရာမှာအိပ်ရမှာပဲ၊ ဟိုမှာကြည့်စမ်း..."

လို့ သချိုင်းတစ်နေရာကို လက်ညှိုးထိုး ပြောလိုက်တယ်။

ကာလသားထွန်းအေးရဲ့ စကားကြောင့် သူတို့အားလုံး ပြိုင်တူကြည့်လိုက်မိတယ်။

အရိုးခေါင်းကြီးတစ်ခု... မြေပေါ်မှာ တစ်စွန်းတစ်စ ထွက်နေတယ်။

သဲကြီးဟာ အရိုးခေါင်းကြီးကိုကြည့်ရင်း မျက်နှာမျက်သွားရင်း...

"ဟော့ကောင်တွေ... ငါ...ငါ ကြောက်တတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



နော်၊ မင်းတို့ ဆက်သွားကြကွာ၊ ငါ ဒီမှာပဲ စောင့်နေမယ်"

လို့ ကြောက်လန့်တကြား ပြောလာတယ်။

ဒီအချိန်မှာပဲ သူတို့အားလုံး အမှတ်မထင် အသံတစ်ခုကို ကြားလိုက်ရတယ်။

ဘယ်ကမှန်းမသိတဲ့ လေချွန်သံတွေ...

နီးလာလိုက်... ဝေးသွားလိုက်နဲ့ သူတို့ နားမှာပဲ ပဲ့တင်ထပ်သလို ကြားလိုက်ရတယ်။

ရွာသားတစ်အုပ်ဟာ ထူးဆန်းတဲ့ လေချွန်သံကြောင့် တောင့်တောင့်ကြီး ရပ်နေမိကြတယ်။

"သချိုင်းမှာ လေချွန်သံကြားရတာ အံ့ဩစရာပဲကွ၊ ဒီနေရာမှာ ငါတို့ကလွဲပြီး ငှက်တစ်ကောင်တောင်မရှိဘူး၊ ဘယ်က ကြားရတာလဲ"

ငပွရဲ့စကားကြောင့် သဲကြီးဟာ ဒူးဆတ်ဆတ်တုန်လာရင်း...

"ငါ... ငါတို့ အခြောက်ခံရပြီကွ၊ ဒါ... ဒါ...

www.burmeseclassic.com

www.burmeseclassic.com



ဟိုတလောက သေသွားတဲ့ လေချွန်နတ် အဘွားကြီး ခြောက်တာပဲ ဖြစ်ရမယ်၊ မနေရဲတော့ ဘူး၊ ငါ...ငါ ပြန်မယ်"

လို့ ပြောဆိုပြီး နောက်ကြောင်းပြန်လှည့်ပြေး တော့တယ်။

ဒီအခါမှာ ကာလသားတွေက...

"သင်္ချိုင်းလာပြီး ကြောက်နေလို့ အလုပ်ဖြစ်မှာ မဟုတ်ဘူး၊ ဒီအချိန်ကစပြီး ဘာသံကြားကြား ကြားရင် ကြားတယ်လို့မှတ်၊ မြင်ရင်မြင်တယ်လို့မှတ်၊ စုံထောက် ရှူး ငထွန်းရဲ့စကား ဟုတ်မဟုတ် ငါတို့ မာတင်္ဂရဲ့ အလောင်းကို လိုက်ရှာကြမယ်"

လို့ ပြောလိုက်တယ်။

ပြီးတဲ့အခါမှာတော့ သူတို့အားလုံး သင်္ချိုင်းရဲ့ အုတ်ဂူတွေကြားဝင်ပြီး အလောင်းရှာပုံတော်ဖွင့်ကြ တယ်။

ဒီအချိန်မှာပဲ... ရွာသားတစ်ယောက်က အရှေ့ ဆီကို လက်ညှိုးထိုးရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဟိုမှာ… ကြည့်စမ်း၊ အရိုး ခြောက်ကြီး ငါတို့ဆီ လာနေပြီ"

လို့ အထိတ်တလန့် အော်ဟစ်လိုက်တယ်။

သူတို့အားလုံး ကြည့်လိုက်စဉ်မှာတော့ လေထဲမှာ ရွေ့လျားလာတဲ့ အရိုးခြောက်လို အရာတစ်ခုကို မြင်လိုက်ရတယ်။

အသည်းငယ်တဲ့ ရှာသားတစ်ချို့ဟာ အရိုးခြောက်ကြီးကို ကြည့်ရင်း…

"င…ငပွ… ပြန်လှည့်ရင် ကောင်းမယ်ကွာ၊ တော်ကြာ… မာတင်ရဲ့ အလောင်းမတွေ့ဘဲ၊ ငါတို့ မသာပေါ်ကုန်မှ ခက်ချည်ရဲ့ ပြန်…ပြန်ရအောင်ကွာ"

လို့ တုန်ရင်တဲ့အသံနဲ့ ပြောလာတယ်။

ကြောက်စိတ်မဲ့တဲ့ ငပွဟာ အဝေးမှာမြင်ရတဲ့ အရာကိုလှမ်းကြည့်ရင်း…

"တစ္ဆေသရဲဆိုတာ နေ့ခင်းကြောင်တောင်ကြီး မခြောက်ပါဘူးကွာ…၊ ငါတော့ မယုံဘူး၊ သေချာအောင်

www.burmeseclassic.com

www.burmeseclassic.com



အနားသွားကြည့်မယ်၊ အဟဲ… အတွေ့အကြုံရတာ ပေါ့ကွာ၊ ယောက်ျားပီသတဲ့ကောင်က ငါ့နောက်လိုက်ခဲ့"

လို့ ပြောလိုက်တဲ့အခါ ကြောက်တတ်တဲ့ ရွာသားတစ်ချို့ဟာ မျက်နှာပျက်သွားကြပြီး…

"ယောက်ျားလည်း ကြောက်တတ်တာပဲကွ…၊ ဘာဖြစ်ဖြစ် ငါတို့တော့ မလိုက်ရဲဘူး၊ မင်းတို့ပဲ သွားကြည့်ကြ"

လို့ ကြောက်ချေးပုံရင်း ပြောလာတယ်။

ငပွနဲ့ ရွာသားသုံးယောက်ဟာ အဝေးမှာ မြင်ရတဲ့အရာဆီ ချဉ်းကပ်ခဲ့ကြတယ်။

သူတို့အားလုံး စိတ်လှုပ်ရှားပြီး အသက်တောင် မရှူဝံ့ကြဘူး။

ဒီအချိန်မှာပဲ ခပ်ပြင်းပြင်း လေပြင်းတစ်ချက် ဖေ့သွားတယ်။

အရိုးခြောက်ကြီးလည်း လေပြင်းဒဏ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးလှုပ်ယမ်းလာတယ်။

ရှာသား သုံးယောက်ဟာ အရိုးခြောက်ကြီးရဲ့ အနားရောက်ကာနီးမှာတော့ ခြေလှမ်းရပ်သွားကြပြီး..

"တို့ ဆက်မလိုက်ရဲတော့ဘူး၊ မင်းက သတ္တိကောင်းတာပဲ၊ မင်းပဲ သွားလိုက်တော့ ငပွကြီး၊ ငါတို့ မကြောက်တတ်ပေမယ့် သွေးလန့်သွားရင် မကောင်းဘူးကွ"

လို့ပြောလာတယ်။

ငပွဟာ အရိုးခြောက်ကြီးကို မျက်တောင်မခတ်တမ်း စိုက်ကြည့်ရင်း တရွေ့ရွေ့ချဉ်းကပ်ခဲ့တယ်။

ငပွရဲ့ ရင်ထဲမှာတော့ ကုလားဘုရားပွဲ လှည်းသလို တဒိန်းဒိန်းမြည်နေတယ်။

ဒီအချိန်မှာပဲ လေပြင်းတစ်ချက် ထပ်ဝှေ့လာတယ်။

လေဒဏ်ကြောင့် အရိုးခြောက်ကြီးဟာ ပိုမိုလှုပ်ရှားလာပြီး ငပွရှိရာကို အရှိန်နဲ့ လွင့်ပျံလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငပွလည်း ရုတ်တရက် ထိတ်လန့်သွားပြီး နောက်ပြန်လဲကျသွားတယ်။

အရှိန်နဲ့ လွှင့်ပျံလာတဲ့ အရိုးခြောက်ကြီးဟာ ငပွကိုယ်ပေါ်အုပ်မိုးပြီး "ဝုန်း" ခနဲ ပြိုကျလာတယ်။

ငပွလည်း မျက်လုံးကို စုံမှိတ်ပြီး "အောင် မယ်လေးဗျ" လို့ သံကုန်အော်ဟစ်လိုက်မိတယ်။

မျက်လုံးဖွင့်ကြည့်လိုက်စဉ်မှာတော့ သူတို့ ထင် ထားသလို အရိုးခြောက်ကြီးမဟုတ်ဘဲ လယ်သမားတွေ လက် ဆော့ထားတဲ့ စာခြောက်ရုပ်ဖြစ်နေတာ တွေ့လိုက်ရတယ်။

ဒီအခါမှာ ငပွဟာ သက်ပြင်းချလိုက်ရင်း

"ဟော့ကောင်တွေ လာကြည့်ကြ၊ ငါမပြောဘူး လား၊ အရိုးခြောက်မဟုတ်ပါဘူးဆို၊ ထုံးဖြူ သုတ်ထား တဲ့ စာခြောက်ရုပ်ကြီးကွ"

လို့ အော်ဟစ်ပြောလိုက်တယ်။

ရွာသားသုံးယောက်ဟာ ငပွရှိရာကို ပြေးလာ ကြရင်း...

www.burmeseclassic.com

www.burmeseclassic.com



"စာခြောက်ရုပ်သာ ဆိုတယ်၊ မင်းတောင် ကြောက်လန့်ပြီး အော်လိုက်တာ ငယ်သံကိုပါနေတာပဲ၊ သချိုင်း လာပြီး စာခြောက်ရုပ်ကို ဘယ်ကောင်လက်ဆော့သွားရတာ လဲ၊ မာတင်... မာတင်... ဒင်းရဲ့အလောင်းကိုရှာရင်း တို့ပါ အသက်ထွက်တော့မယ်၊ သချိုင်းတစ်ခုလုံးလည်း နှံ့နေပြီ၊ မာ တင်အလောင်းနဲ့တူတာဆိုလို့ ဘာမှမတွေ့ဘူး၊ စုံထောက်ရှူးတို့ ကတော့ လုပ်ချလိုက် ပြန်ပြီ"

လို့ ရေရွတ်လိုက်ကြတယ်။

"ဟုတ်တယ်ကွ စုံထောက်ရှူးက တို့ကို သက် သက် ချောက်တွန်းလိုက်တာပဲ၊ သူကြီးဆီသွားပြီး အကျိုးအကြောင်း ရှင်းပြကြမယ်ကွာ"

ပွဲရဲ့စကားနဲ့အတူ ရွာသားတွေဟာ သချိုင်းက နေ လှည့်ပြန်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ရာမှာ ဘာသံတွေ ကြားရမလဲ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

## ကလေးတွေ ငိုကုန်ပြီ

www.burmeseclassic.com

www.burmeseclassic.com



## ငပွတို့

သူကြီးအိမ်ရောက်တော့ လူစုံနေတာ တွေ့လိုက်ရတယ်။

ရွာသားအားလုံးရဲ့ မျက်နှာမှာ တစ်စုံတစ်ရာကို ထိတ်လန့်နေပုံရတယ်။

သူကြီးကိုယ်တိုင်လည်း မျက်နှာပျက်နေတယ်။

ငပွတို့လူစုဟာ သူကြီးရဲ့အနားကို ဝင်သွား

www.burmeseclassic.com



ရင်း...

"လူစုံလှချည့်လား သူကြီး၊ ဘာတွေဖြစ်နေကြ

တာလဲ"

လို့ မေးလိုက်တဲ့အခါ သူကြီးက မျက်နှာမသာ

မယာနဲ့...

"မာတင်တော့ ထန်းတောထဲမှာ ပြဿနာရှာ

နေပြီ"

လို့ ပြောလိုက်တယ်။

သူကြီးရဲ့စကားကြောင့် ငပွတို့လူစုဟာ တဒံ့တ

ညဖြစ်သွားရင်း...

"ဟင်... မာတင်က ပြဿနာရှာလို့ ဟုတ်လား၊

မဖြစ်နိုင်ပါဘူးဗျာ...သူက သေပြီဗျ"

လို့ ပြောလိုက်တဲ့ ငပွရဲ့စကားကြောင့် သူကြီး

ဟာ သက်ပြင်းချလိုက်ရင်း...

"ဟုတ်တယ်... မာတင်ကတော့ သေသွားပြီ...

ဒါပေမယ့် အလောင်းကို ရှာမတွေ့သေးသလို မျက်မြင်

www.burmeseclassic.com

www.burmeseclassic.com



သက်သေဆိုလို့ ထန်းရည်သမား ငမူးပဲရှိခဲ့တယ်၊ ညက ထန်းတောစောင့်တွေရဲ့ ကလေးတွေအားလုံး အကောင်းကြီးကနေ ထငိုကြတာ ဘယ်လိုမှ ချော့လို့ မရဘူးတဲ့၊ ကလေးတွေ ငိုတာဟာ သွေးရိုးသားရိုး မဟုတ်ဘဲ မာတင်္ဂကြောင့်လို့ စွပ်စွဲကြကုန်ပြီ၊ ဒီကိစ္စကို သူကြီးတစ်ယောက် အနေနဲ့ ငါ ဘယ်လိုဖြေရှင်းရမှာလဲ"

လို့ပြောလိုက်တယ်။

"ဟာဗျာ... သူကြီးကလည်း မာတင်္ဂသေတာနဲ့ ကလေးငိုတာနဲ့ ဘာဆိုင်လို့လဲ၊ ကလေးဆိုတာမျိုးက လေထိုးရင်တောင် ငိုတတ်ကြတာပဲ၊ မဖြစ်နိုင်တာတွေ"

ကာလသားတွေရဲ့စကားမဆုံးခင်မှာပဲ မိန်းမဝဝကြီးတစ်ယောက်ဟာ သူကြီးခြံထဲ ပြေးဝင်လာရင်း...

"အမယ်လေး... ကယ်ပါဦးသူကြီးရဲ့ မာတင်—မာတင်္ဂ... ကျုပ်လက်ကိုဆွဲတယ်တော့"

www.burmeseclassic.com

www.burmeseclassic.com



လို့ အော်ဟစ်ပြောဆိုလိုက်တဲ့အခါ သူကြီးဟာ မျက်မှောင်ကြီးကျုံ့သွားရင်း…

"လာပြန်ပြီတစ်ယောက်၊ မာတင်မပါရင် မပြီးကြဘူးလား၊ ဘယ်လိုဖြစ်လာပြန်တာတုံး"

လို့ မေးလိုက်မိတယ်။

ဒီအခါမှာ မိန်းမဝဝကြီးက မျက်လုံးအပြူးသားနဲ့…

"ကျုပ်…ကျုပ်…ကောက်ရိုးသယ်ဖို့ ကောက်ရိုးပုံနားသွားတာ၊ ကောက်ရိုးတွေကို လှမ်းနှိုက်မယ်လုပ်တော့ အထဲက လက်ကြီးထွက်လာပြီး ကျုပ်လက်ကို ဆွဲ…ဆွဲတာတော့"

လို့ အမောတကြီး လေသံကြီးနဲ့ ပြောပြန်တယ်။

မိန်းမဝဝကြီးရဲ့ စကားကြောင့် ရွာသားတစ်ယောက်ကဝင်ပြီး…

"ဒေါ်ကြီးကလည်းဗျာ… ခင်ဗျား ကြောင်တောင်မှန်းသိလို့ တစ်ယောက်ယောက်က နောက်ပြောင်တာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့၊ မာတင်ကသေပြီပဲ၊ ခင်ဗျားလက်ကို ဘယ်လိုလုပ်ပြီး ဆွဲရမှာလဲ"

လို့ ပြောလိုက်တဲ့အခါ မိန်းမဝဝကြီးက...

"ဟဲ့ သေလို့ပြောတာပေါ့၊ ငါ့ကို ပါးစပ်ကြမ်းလို့ ဘယ်သူမှ မစနောက်ရဲဘူး၊ မာတင်က မနေ့ကပဲ မားထိုးခံရပြီး သေသွားတာလေ၊ ဒင်းက လူမှမဟုတ်တော့ဘဲ၊ ငါကြားဖူးတာတော့၊ သေပြီးတဲ့လူဟာ ရက်မလည်မချင်း သူ့ကိုယ်သူ သေမှန်းမသိဘူးတဲ့၊ မာတင်လည်း သူ့ကိုယ်သူ သေမှန်းမသိဘဲ..."

လို့ စကားမဆုံးခင်ဘဲ သူကြီးဟာ စားပွဲကို "ဒုန်း" ခနဲထုချလိုက်ရင်း...

"တိတ်ကြစမ်း နင်တို့ မဟုတ်တမ်းတရားတွေ လျှောက်မပြောနဲ့၊ မာတင်သေတဲ့ကိစ္စက ဘာမှသေချာသေးတာမဟုတ်ဘူး၊ မာတင်... မာတင်... ငါ့ကိုဒုက္ခပေးတဲ့ကောင်၊ ဟောကောင်တွေ မင်းတို့ အလောင်းကို တွေ့အောင်ရှာကြ၊ မတွေ့လို့ကတော့ မြို့တက်ပြီး ပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုတိုင်ရလိမ့်မယ်၊ သွား... အားလုံးပြန်ကြတော့"

လို့ ဒေါ်သတကြီး ပြောလိုက်တော့မှ ရွာသားတွေဟာ သူကြီးအိမ်က အသီးသီး လှည့်ပြန်သွားကြတယ်။

သူကြီးကတော့ ခုံတန်းရှည်ကြီးမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း မာတင်ရဲ့ အလောင်းပျောက်ဆုံးနေမှုကို တွေးရခက်ကြီး ဖြစ်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ပေကုန်းရွာမှာ
# ဘာတွေဖြစ်အုံးမလဲ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

## ခြောက်ခြားဖွယ်

ခွေးအုသံ

www.burmeseclassic.com

www.burmeseclassic.com



၂

ညသန်းခေါင် အချိန်...

ပေကုန်းတစ်ရွာလုံး နှစ်ချိုက်စွာ အိပ်မောကျ နေချိန်...

ရွာပြင်သချိုင်းဘက်မှ ဆွဲငင်စွာ အူလိုက်တဲ့ ခွေး အူသံတွေက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တယ်။

"အူး...အူး...အူး..."

မရပ်မနား ထွက်ပေါ်လာတဲ့ ခွေးအူသံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှာသားတွေဟာ ကြောက်လန့်ပြီး လန့်နိုးလာကြတယ်။

ဒါပေမယ့် သူတို့အားလုံး အိမ်ပြင်ထွက်ဖို့ နေနေသာသာ ခြင်ထောင်အပြင်တောင် မထွက်ဝံ့ကြဘူး။

"အူး... အူး...အူး...အူး..."

အူသံတွေက ရပ်မသွားတဲ့အပြင် ပိုပြီးကျယ်လောင်လာတယ်။

ရှာလယ်ကင်းတဲမှာ ကင်းစောင့်နေရတဲ့ ချက်နီတို့လူစုဟာ မရပ်မနားအူနေတဲ့အသံတွေကြောင့်ကြက်သီးမွေးညှင်းတွေ "ဖျန်း" ခနဲ ထလာပြီး...

"ဟော့...ဟော့ကောင်.. စောကြည်၊ ခွေးတွေက အူသံပဲကြားနေရတယ်၊ အမြီးတောင် မမြင်ရပါလား၊ ဒါ...ဒါဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးထင်တယ်၊ မာ... မာတင်...ငါတို့ကို..."

လို့ စကားမဆုံးခင်မှာပဲ စောကြည်က စောင်ကို တင်းနေအောင်ဆွဲခြုံလိုက်ရင်း...

"ချက်နီ... မာတင်အကြောင်း မပြောနဲ့ကွာ၊ ငါ...

www.burmeseclassic.com

www.burmeseclassic.com



ငါ ကြောက်တယ်ကွ၊ ကာလနာ ခွေးတွေကလည်း ဘာလို့ ဒီလောက်အူနေရတာ လဲ...၊ ငါ... ငါတို့... အိမ်ပြန်ကြရင် ကောင်းမလား"

လို့ ပြောလိုက်တဲ့အခါ ကာလသားတစ်ယောက် ကဝင်ပြီး...

"ဟာ... အိမ်ပြန်လို့ မဖြစ်ဘူး၊ သူကြီးသိရင် ထိပ်တုံးခတ်ခံရမှာကွ၊ မင်းတို့ကလည်းကွာ၊ ယောကျ်ား ရင့်မာကြီးတွေဖြစ်ပြီး၊ ကြောက်မနေစမ်းပါနဲ့...၊ လူမှာ ကိုယ်စောင့်နတ် ရှိတယ်ကွ၊ မကောင်းဆိုးဝါးဆိုတာ ရှိခဲ့ရင်တောင် လူကိုဘာမှ မလုပ်နိုင်ပါဘူးကွာ၊ ကိုယ့် ဟာကိုယ် ပြန်အိပ် ကြစမ်းပါ၊ အိပ်ရေးပျက်တယ်"

လို့ ပြောလိုက်တယ်။

ကြောက်တတ်တဲ့ ချက်နီနဲ့ စောကြည်ဟာ ပတ် ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ရင်း အကြီးအကျယ်ခြောက်ခြား နေကြတယ်။

ဒီအချိန်မှာပဲ "ချွတ်...ချွတ်...ချွတ်၊ ခြောက်..."

www.burmeseclassic.com

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ချက်နီနဲ့ စောကြည်ဟာ ခေါင်းနပမ်းကြီး သွားပြီး ကြောက်ဒူးတွေ တုန်လာတယ်။

ချက်...ချက်နီ... တချွတ်ချွတ်နဲ့ ဘာ ဘာသံလဲ

မသိဘူးကွ၊ မာတင်... မာတင် ငါတို့ဆီ လာပြီထင်တယ်

စောကြည်ရဲ့ စကားကြောင့် ချက်နီဟာ မျက်နှာ ပျက်သွားရင်း...

မ... မဖြစ်နိုင်ဘူးကွ၊ အသံက ခေါင်းပေါ်က ကြားနေရတာ၊ မင်း... မင်း... သေချာအောင် မော့ကြည့်စမ်း

လို့ ပြောနေစဉ်မှာပဲ လေကြမ်းတွေ ဝေ့လာတယ်။

ဟော... ဟော... လေတွေတိုက်နေပြီ၊ ဟော့... ဟော့ကောင်၊ ငါ့နောက်မှာ ဘာကြီးလည်း မသိဘူး၊ ကျောကို ကုပ်နေတယ်ကွ"

www.burmeseclassic.com



စောကြည်ရဲ့စကားကြောင့် ချက်နီယာစောင်ကို ခေါင်းမြီးခြုံလိုက်ရင်း...

"ကုပ်ရင်လည်း ခံလိုက်ကွာ၊ ငါ...ငါ... မကြည့်ရဲဘူးကွ၊ မင်းလည်းကြောက်ရင် လှည့်မကြည့်နဲ့၊ မမြင်ဘဲ ခံရတာ တော်ပါသေးတယ်ကွာ"

လို့ ပြောလိုက်မြန်တယ်။

စောကြည်ဟာ ကြောက်စိတ်လွန်ကဲပြီး ရှုံးတွေ ထွက်ကျကုန်တယ်။

သူတို့နှစ်ယောက်ကို ရှောင်ပေးပြီး ကွေးအိပ်နေတဲ့ ကာလသားဟာ သေးစီးကြောင်းထဲ မျောသွားပြီး...

"ဘာတွေလဲဟ... မိုးရွာတာလား၊ ငါ့ ကျောတွေ ရွှဲကုန်ပြီ"

လို့ ရေရွတ်ရင်း ဆတ်ခနဲ ထထိုင်လိုက်တယ်။

ပြီးတော့ သူဟာ ကြမ်းမှာရွှဲနေတဲ့ အရာကို လက်နဲ့သပ်ယူပြီး နမ်းကြည့်လိုက်တယ်။

"ဘာအနံ့ကြီးလဲ၊ ဟာ... သေး– သေးတွေ

www.burmeseclassic.com



မင်း…မင်းတို့""

ရှာသားဟာ အလန့်တကြား အော်ဟစ်ပြီး ချက်နီရဲ့စောင်ကို ဆွဲဖယ်လိုက်တယ်။

"ဟော့ကောင် ငါမဟုတ်ဘူး၊ ဟိုကောင် စောကြည်ပဲဖြစ်မယ်"

ချက်နီဟာ ပြောဆိုရင်း စောင်ကိုပြန်ဆွဲပြီး ခြုံလိုက်တယ်။

စောကြည်ဟာ မျက်လုံးစုံမှိတ်နေရင်းက…

"ငါ့…ငါ့ကို ကယ်ကြပါအုံးကွာ၊ ငါ့… ငါ့နောက်မှာ"

လို့ ရေရွတ်လိုက်တဲ့အခါ ရှာသားက စောကြည်ရဲ့အနောက်ကို ကြည့်လိုက်ရင်း…

"အသေဆိုးနဲ့ သေမယ့်ကောင် ယောကျ်ားဖြစ်ပြီး ဒီလောက်အသည်းငယ်နေရင်၊ ထမီသာ ဝတ်ထားလိုက်တော့၊ မင်း… သိပ်ညစ်ပတ်တဲ့ကောင်ပဲ၊ ကြွေကျက်သေးထွက်တဲ့ကောင်၊ မင်း အနောက်ကိုလည်း ပြန်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်အုံး"

လို့ပြောလိုက်တယ်။

"မ…မကြည့်ရဲဘူးကွာ…၊ သူငယ်ချင်း မာတင်ရေ… မင်းနဲ့ငါတို့နဲ့က စည်းခြားသွားပြီကွ၊ မနောက်ပါနဲ့ကွာ…၊ ငါ…ငါ ကြောက်ပြီး သေသွားနိုင်တယ်ကွ၊ မင်းဆီက ချေးထားတဲ့ ငွေလည်း ငါ… ငါ… ပြန်ဆပ်တဲ့အနေနဲ့ ဘုန်းကြီးကျောင်းလှူပြီး ကုသိုလ်လုပ်ပေးပါ့မယ်ကွာ၊ မင်းနေရာမင်းပြန်ပါသူငယ်ချင်းရယ်"

စောကြည်ရဲ့ သွေးရူးသွေးတမ်း အပြောကြောင့်ရွာသားဟာ စောကြည်ရဲ့ခေါင်းကို ရိုက်ချလိုက်ရင်း…

"မင်းပထွေး မာတင် မဟုတ်ဘူးဟေ့၊ ဟောဒီမှာကြည့်"

လို့ ပြောပြီး စောကြည်ရဲ့ကိုယ်ကို ဆတ်ခနဲဆွဲလှည့်လိုက်တယ်။

ဒီတော့မှ စောကြည်ဟာ သူ့ကျောကိုပုတ်တဲ့အရာကို မြင်တွေ့သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပင်က ဖြာထွက်နေတဲ့ သစ်ကိုင်းခြောက်ကြီး…

လေပြင်းကြောင့် လှုပ်ရမ်းပြီး သူ့ကျောကို ရိုက်ခတ်နေတာ။

ဒီအခါမှ စောကြည်ဟာ သက်ပြင်းချနိုင် ရင်း…

"အဟဲ…အချက်မသိတော့ သမက်သူခိုး ထင်မိတာပေါ့ကွာ၊ မာတင် မနေ့ကမှ အစိမ်းသေ သေခဲ့တာဆိုတော့ ငါက ကြောက်သွားတာပေါ့ကွ၊ သစ်ကိုင်းခြောက်ဆိုလို့ကတော့ မကြောက်တော့ဘူး၊ အဟဲ…ဆက်ပြီးကွေးတော့မယ်"

လို့ ရှက်ရမ်းရမ်း ပြောပြီး ကြမ်းပေါ်လှဲအိပ်ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အစိမ်းသေ မာတင်္ဂ…

ရွာသားတွေရဲ့

ခြောက်ခြားမှုတွေ…

ဘာဆက်ဖြစ်ကြအုံးမလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

# ထိုးကွင်းကြီးနှဲ့ မာတာဂ်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့…။

…မှာတော့ ပေကုန်းတစ်ရွာလုံး ဝမ်းနည်းဖွယ်သတင်းတစ်ခုကို ကြားလိုက်ရတယ်။

အကြောင်းက ရွာဦးကျောင်း ဆရာတော်ကြီး ပျံလွန်တော်မူခြင်းပါပဲ။

ဒီသတင်းက ပေကုန်းတစ်ရွာလုံး ပျံ့နှံ့သွားပြီး ရွာရဲ့ထုံးစံအတိုင်း သူကြီးအိမ်မှာ လူစုကြပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဖြင့် ကြားရတာ ယုံတောင်မယုံနိုင်ဘူး။ ဆရာတော်ကြီးက ဒီလောက် ကျန်းမာရေးကောင်းတာဗျာ၊ မဟုတ်မှလွဲရော ဆရာတော်ကြီးဟာ အရှင်ထွက်.ထွက်သွားတာပဲဖြစ်ရမယ်"

လို့ ပြောကြသလို အယူသည်းတဲ့ ရွာသားတစ်ချို့ကလည်း...

"ဆရာတော်ကြီး ပျံတော်မူတာ မာတင်ကြောင့်ပဲ ဖြစ်ရမယ်၊ မာတင်က ရွာကို အစွဲသိပ်ကြီးတဲ့ကောင်ကွ၊ ခုလည်းဆရာတော်ကြီးကိုသူ့ကိုယ်ယောင်ပြလို့ သွေးလန့်ပြီး နလုံးရပ်သွားတာ ဖြစ်ရမယ်"

လို့ ထင်ကြေးပေးလိုက်တဲ့အခါ သူကြီးက

"တော်ကြစမ်း.... ဆရာတော်ကြီးက ဝိပဿနာတရားကို ပေါက်မြောက်အောင် ကျင့်ကြံခဲ့တဲ့ ပုဂ္ဂိုလ်ထူးကြီးပါ၊ ဘယ့်နယ့်ကြောင့် သွေးလန့်ရမှာတုန်း၊ မင်တို့ ထင်ကြေးပေးပြီး လျှောက်မပြောနဲ့၊ လော
ဆယ် မင်းတို့လုပ်ရမှာက ဆရာတော်ကြီးရဲ့ ရှာ

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားပါ၊ တစ်ဖက်ရွာက ဆရာတော်ကြီးရဲ့တပည့်

ရင်းတွေက ဘုန်းကြီးပျံပွဲကို တခမ်းတနားကျင်းပဖို့

တာဝန်ယူထားကြတယ်၊ ဒီတော့... ကျုပ်တို့ ပေကုန်း

ရွာကလည်း လုပ်အားပေးကူညီကြရလိမ့်မယ်၊ ကဲ...

အခုအချိန်ကစပြီး မင်းတို့ရဲ့ ထင်ကြေးပေးစကားတွေ

ကိုရပ်ပြီး ဘုန်းကြီးပျံပွဲအတွက် စီစဉ်ကြပေတော့၊

ဘုန်းကြီးပျံပွဲမှာ မြို့ပေါ်ကနာမည်ကြီးတဲ့ မြသီတာ

အငြိမ့်လည်း ပါလိမ့်မယ်

လို့ ပြောလိုက်တယ်။

သူကြီးရဲ့ စကားကြောင့် ကာလသားတွေဟာ

ဝက်လိုးအဲရောင်တောက်သွားရင်း...

"ဘုန်းကြီးပျံပွဲမှာ မြသီတာအငြိမ့် ပါမယ် ဟုတ်

လား၊ ဗျို့သူကြီး... ကျုပ်တို့ အငြိမ့်အဖွဲ့ကို လုံးဝတာဝန်

ယူလိုက်ပြီ၊ သူကြီး စိတ်သာချပေတော့၊ ဘုန်းကြီးပျံပွဲ

မှာ လိုအပ်မှု လုံးဝမရှိစေရဘူး"

လို့ အားတက်သရော ကတိခံလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ သူကြီးအိမ်ပေါ်မှ "အား" ခနဲ အော်ဟစ်သံကြီးကို ကြားလိုက်ရတယ်။

အော်ဟစ်သံကြောင့် သူကြီးနဲ့ ရွာသားတွေဟာ ခေါင်းနပမ်းကြီးသွားပြီး အိမ်ပေါ်ကို ပြေးတက်ကြတယ်။

သူတို့အားလုံး လှေကားထိပ် ရောက်တော့ အိမ်ထဲက ထွက်ပြေးလာတဲ့ သူကြီးကတော်နဲ့ ပက်ပင်းတိုးမိကြတယ်။

သူကြီးကတော်ဟာ မျက်လုံးအပြူးသားနဲ့...

"လုပ်...လုပ်ကြပါအုံး၊ မာတင်...မာတင် ကျုပ်ကို ခြောက်တယ်"

လို့ ပလုံးပထွေးသံကြီးနဲ့ ပြောလိုက်တဲ့အခါ သူတို့အားလုံး အထိတ်တလန့်ဖြစ်သွားကြပြီး...

"ဘာ... မာတင်... သူကြီးကတော်ကို ခြောက်တယ် ဟုတ်လား၊ နေခင်းကြောင်တောင်ကြီးဗျာ၊ မဖြစ်နိုင်ဘူး"

လို့ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော်ဟာ အကြောက်ကြီးကြောက်ရှိနေတဲ့အမူအရာနဲ့...

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ကျုပ် ခေါင်းမူးလို့ အိပ်ရာပေါ်လှဲနေတာ၊ ကျုပ်ခြေရင်းမှာ လူရောက်နေသလို ခံစားရတာကြောင့် ကျုပ်လည်း ကိုစံပျောထင်ပြီး ကြည့်လိုက်တော့ ထိုးကွင်းမင်ကြောင်တွေနဲ့ ခါးတောင်းမြှောင်နေအောင် ကျိုက်ထားတဲ့ မာတင်္ဂကို တွေ့လိုက်ရတယ်၊ ကျုပ်လည်း ကြောက်လန့်ပြီး အော်လိုက်တာပဲ"

လို့ ပြောလိုက်တဲ့အခါ သူကြီးဟာ စိတ်ရှုပ်ထွေးသွားပြီး ခေါင်းကိုတဗျင်းဗျင်းကုတ်လိုက်ရင်း...

"ရွာမှာ ဘာတွေဖြစ်ကုန်ပြီလဲ၊ တစ်ယောက်လာလည်းမာတင်္ဂ၊ နောက်တစ်ယောက်လည်းမာတင်္ဂပဲ၊ မာတင်္ဂကဖြင့် သေလားရှင်လားတောင် မသိဘူး နင်တို့အားလုံး မာတင်္ဂရူး. ရူးနေကုန်ကြပြီ၊ ငါဖြင့် သေသာ သေလိုက်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ရေရွတ်လိုက်တယ်။

"ကိုစံဗျော… ကျုပ် မာတင်ကို တကယ် မြင်လိုက်ရတာပါ။ မာတင်ဟာ မကျွတ်မလွတ်တဲ့ ဘဝရောက်နေတာတော့ သေချာပြီရှင့်၊ ရှင် ဒီအတိုင်းနေလို့ မရဘူး၊ ခုဆို… မာတင်ဟာ သူကြီးကတော်ဖြစ်တဲ့ ကျုပ်ကိုတောင် ခြောက်လှန့်ရဲနေပြီ၊ ရှင်…တစ်ခုခု လုပ်ပေတော့"

သူကြီးကတော်ရဲ့စကားကို အယူသည်းတဲ့ ရွာသားတစ်ချို့ကဝင်ပြီး…

"ဟုတ်တယ် သူကြီး၊ အလောင်းကို မတွေ့သေးပေမယ့် မာတင်သေတာ သေချာပါတယ်ဗျာ၊ တစ်ရွာလုံးလည်းမာတင်ကိုလန့်ပြီးဘယ်သူမှအလုပ်ကောင်းကောင်း မလုပ်ရဘူးဖြစ်နေပြီ၊ ကြာရင်… ကျုပ်တို့တစ်ရွာလုံး စီးပွားပျက်တော့မယ်ဗျ"

လို့ ပြောဆိုကြပြန်တယ်။

သူကြီးဟာ ရွာသားတွေရဲ့စကားကြောင့် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုခါယမ်းလိုက်ရင်း...

"ကဲ... မင်းတို့ရင်ထဲက မာတင်္ဂနဲ့ ပတ်သက်တဲ့ ထင်မြင်ချက်တွေ ရှင်းလင်းသွားအောင်၊ ဘုန်းကြီးပျံပွဲ ပြီးတာနဲ့ မာတင်္ဂအတွက် ကျုပ်ကိုယ်တိုင် ဦးဆောင်ပြီး သံဃာတော်တွေ ပင့်ဖိတ်မယ်၊ ပြီးရင်... ရွာလယ်မှာ မဏ္ဍာပ်ထိုးပြီး အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲ ပြုလုပ်ပေးပါ့မယ်၊ မာတင်္ဂကိုလည်း အမျှအတမ်းပေးဝေကြတာပေါ့၊ ဒီအချိန်ကစပြီး မာတင်္ဂ ခြောက်လှန့်တယ်ဆိုတဲ့ အသံ လုံးဝမကြားချင်ဘူး၊ ကဲ... အားလုံးပြန်ကြပါ၊ ဘုန်းကြီးပျံပွဲအတွက် စီစဉ်ကြပေတော့"

လို့ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြီးပျံပွဲမှာ
# ဘာဆက်ဖြစ်အုံးမလဲ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

# တုန်းကြီးပုံပွဲ

www.burmeseclassic.com

www.burmeseclassic.com



ပေကုန်းတစ်ရွာလုံး

ဆိုင်းသံဗုံသံတွေနဲ့ညံညံစီနေသလို…

ရွာဦးကျောင်းရဲ့ပရဝဏ်ပြင်ပရှိ မြသီတာ ဇာတ်

ရုံ ရှေ့လူတွေကြိတ်ကြိတ်တိုးစည်ကားနေတယ်။

ဇာတ်ဆရာဟာ ပွဲစဖို့ အချိန်နီးကပ်နေတာ

ကြောင့် ဇောချွေးပျံရင်း…

"ဟော့ကောင်တွေ… မင်းတို့ ဒီညဟာရမှာ မင်း

www.burmeseclassic.com

www.burmeseclassic.com



ဒဿဇာတ်နော်၊ လုံးဝအမှားအယွင်း မရှိစေနဲ့၊ တတိယ မြောက်ခန်းမှာ ဘီလူးကြိုးနဲ့ဆင်းဖို့ ကြိုးတွေရော အဆင်သင့်ဖြစ်ပြီလားဟေ့"

လို့ အော်ဟစ်မေးမြန်းသံတွေနဲ့ ပွဲရုံတစ်ခုလုံး ဆူညံနေတယ်။

ပွဲစချိန် နီးကပ်သည်အထိ ဘုန်းကြီးပျံပွဲလာ လှည်းတွေကလည်း တဖွဲဖွဲဝင်နေဆဲ...

သူကြီးစံဗျောနဲ့ ရွာသားတွေဟာ ပွဲစင်ရဲ့ အရှေ့ ပိုင်းမှာ နေရာယူလိုက်ကြရင်း သူကြီးကတော်က...

"ကိုစံဗျော... ကျုပ်တို့ ပွဲမကြည့်ရတာ ကြာပြီ နော်၊ ဒီညကမှာ မင်းဒဿဇာတ်တဲ့ရှင့်၊ ဒီဇာတ်ကို ကျုပ် သိပ်ကြိုက်တယ်၊ ရှင်နော်... ပွဲမပြီးမချင်း ပြန်ဖို့ မကြိုးစားနဲ့၊ ကျုပ်က မိုးလင်းပေါက်ကြည့်မှာ"

လို့ သူကြီးကို လှမ်းပြီးတွတ်ထိုးလိုက်တယ်။

သူကြီးက ပွဲကြိုက်ခင်ဖြစ်တဲ့ မိန်းမလှပ်သူကို ဘာစကားမှမဆိုဘဲ မျက်စောင်းကြီးသာ ခဲနေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာတော့ "မြသီတာ" အငြိမ့်ပွဲစထင်ကျင်းပတယ်။

ရွာသားတွေဟာ မင်းသမီးလေး မြသီတာရဲ့ စွဲမက်ဖွယ်အကတွေအောက်မှာနစ်မျောရင်း လက်ခေါက်မှုတ်သံတွေ ရှီခနဲ ထွက်လာတယ်။

သူကြီးကတော်ဟာ "မြသီတာ" ကို မျက်လုံးကျွတ်မတတ် ငေးစိုက်ကြည့်နေတဲ့ သူကြီးရဲ့ပေါင်တွင်းကျော ကို ဆွဲလိမ်လိုက်ရင်း...

"ရှင်နော်... အသက်ကြီးမှ ရမ္မက်ကြီးမနေနဲ့၊ ကိုယ့်ခေါင်းက ဆံပင်ဖြူတွေလည်း ပြန်ကြည့်အုံး၊ နာခေါင်းရှုံမနေနဲ့၊ ကျုပ်... ပြောင်းဖူးဖက်ဆေးလိပ်နဲ့ မီးတို့လိုက်မယ်၊ ဘာမှတ်နေသလဲ"

လို့မကျေမနပ်ပြောလိုက်တဲ့အခါ သူကြီးက...

"ဘယ်လိုဖြစ်နေတာလဲ မိန်းမရာ...၊ မင်း ကြည့်ချင်တယ်ဆိုလို့ ငါက လိုက်ခဲ့တာပါ၊ ငါ ပွဲမကြိုက်ပါဘူး မင်းသိရဲ့နဲ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ပြန်ပြောလိုက်တယ်။

ဒီအချိန်မှာပဲ မင်းဒသသဇာတ် စတင်တော့တယ်။

မင်းဒသသဇာတ် စတင်ချိန်မှာတော့ ပွဲခင်းတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် ငြိမ်ကျသွားတယ်။

သူကြီးစံဗျောကတော့ ပြဇာတ်စတာနဲ့ ကုလားထိုင်ကို ကျောမှီရင်း ဝိုက်မြည်းဖို့ပြင်လိုက်တယ်။

ဒသမင်း တန်ခိုးပြခန်း အရောက်မှာတော့ ပွဲကြည့်ပရိတ်သတ်ကြီးဟာ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေကြတယ်။

ဒီအချိန်မှာပဲ ခပ်ကြွမ်းကြွမ်း ဘီလူးဆိုင်းနဲ့အတူ ကန့်လန့်ကာကြီး ပွင့်သွားတယ်။

ဒသမင်းက မိုးပေါ်က ကျလာသလို ဇာတ်ခေါင်မိုးပေါ်က တဖြည်းဖြည်းကျလာတယ်။

ဒီအခါမှာ ရာမမင်းထွက်လာပြီး မယ်သီတာရဲ့ လက်ကို ဆောင့်ဆွဲလိုက်တယ်။

ဘီလူးမင်း ဇာတ်စင်ပေါ်ရောက်တော့ ရာမမင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘီလူးမင်းရဲ့ခေါင်းဆောင်းကို ဆတ်ခနဲဆွဲချွတ် လိုက်တယ်။

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့်ပေကုန်းရွာသားတွေအားလုံး "ဟာ" ခနဲ ဖြစ်သွားကြတယ်။

ဒီသဘီလူးနေရာမှာ တွေ့လိုက်ရတာက လက်ဖြန့်ကြိုးတုပ်ခံထားရတဲ့ လယ်ရှင်သားမိုက်လုံးဖြစ်နေတယ်။

ဒီအချိန်မှာပဲ ရာမမင်းဟာ သူ့ခေါင်းမှာ ဆောင်းထားတဲ့ ရာမခေါင်းကို ဆွဲချွတ်လိုက်ပြန်တယ်။

"ဟာ...ရာမက မာတင် ဖြစ်နေပါလား၊ မာတင် မသေဘူးကွ..."

ပေကုန်းရွာသားတွေအားလုံး တအံ့တဩ ဖြစ်ကုန်ကြတယ်။

သူကြီးကတော်ဟာ မာတင်ကိုကြည့်ရင်း

"တော့်...ကိုစံဖျော... ကိုစံဖျော... မာ... မာတင် မသေဘူး"

လို့ အထိတ်တလန့် အော်ဟစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်သူရဲ့ အသံကြောင့် ဝိုက်မြည်းနေတဲ့ သူကြီးက

"ဟာ… ဒီမိန်းမ ပွဲကြည့်တာတောင် မာတင်ဖြစ်နေပါလား၊ မင်းတော့ ကြောက်ရှီးပန်းပြီးရူးသွားပြီ"

လို့ ရေရွတ်လိုက်တဲ့အခါ သူကြီးကတော်က သူကြီးရဲ့ကျောကို အုန်းခနဲထုချလိုက်ရင်း…

"ရှင့်မျက်လုံးဖြဲကြည့်စမ်း၊ မမြင်ဘူးလား၊ မာတင် မဟုတ်လို့ ဘယ်သူလဲ""

လို့ ပြောလိုက်တော့မှ သူကြီးဟာ မျက်လုံးကို ပွတ်သပ်ကြည့်ရင်း…

"ဟော… ဟုတ်တယ်ဟ၊ မာတင်မှ မာတင် အစစ်ပဲ၊ ဟိုမှာ လယ်ရှင်သား မိုက်လုံးတောင်ပါသေး ဟာ… မယ်သီတာက "မြစပယ်" ဖြစ်နေပါလား၊ ဘာ တွေဖြစ်ကုန်ပြီလဲ"

လို့ နားမလည်နိုင်စွာ ရေရွတ်လိုက်မိတယ်။

ဒီအချိန်မှာပဲ ဇာတ်စင်ပေါ်ရောက်နေတဲ့ မာတင်

www.burmeseclassic.com

www.burmeseclassic.com



က…

"ပရိတ်သတ်ကြီးကို ကျုပ် စကားနည်းနည်း လောက် ပြောချင်ပါတယ်၊ ကျုပ်ဟာ ပေကုန်းရွာသား မာတင်ဖြစ်သလို… လွန်ခဲ့တဲ့ရက်က ထန်းတောစပ်မှာ ဓားထိုးခံခဲ့ရပါတယ်၊ ကျုပ်ကို လုပ်ကြံတဲ့သူကတော့ အခု အားလုံးမြင်တွေ့နေရတဲ့ မင်းဒဿ တဖြစ်လဲ ရွာလူမိုက် မိုက်လုံးပဲဖြစ်ပါတယ်၊ ပေကုန်းရွာသူကြီး ဦးစံဖျောကို ကျုပ်ပြောချင်တာက မိုက်လုံးကို ကျုပ်ကို ဓားထိုးမှု အတွက် ပုလိပ်လက်အပ်ပြီး အရေးယူပေးပါ။ ပြီးတော့… သူကြီးနဲ့ရွာသားတွေကို ကျုပ် တောင်းပန် စရာရှိတယ်၊ ရွာသားတွေဟာ ကျုပ် ဓားထိုးခံရပြီး အလောင်းပျောက်သွားတဲ့အတွက် အစိမ်းသေလို့ ယူ ဆပြီး သူတို့ ကြောက်လန့်ခဲ့ကြတယ်၊ ကျုပ်ဟာရွာ သားတွေကို နောက်ပြောင်ကျီစယ်ချင်စိတ်နဲ့ သူတို့ကို နည်းအမျိုးမျိုးနဲ့ ခြောက်လှန့်ခဲ့ပါတယ်၊ ဒီအတွက် ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်၊ အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့် အယှက်ဖြစ်အောင် လုပ်မိတဲ့အတွက် ကျုပ်ကို ခွင့်လွှတ်ပေးကြပါလို့ ဒီနေရာကနေ ပြောချင်ပါတယ်"

လို့ ပြောလိုက်တဲ့အခါ သူကြီးဟာ ဒေါသ အကြီးအကျယ်ထွက်သွားရင်း "ဝုန်း" ခနဲ ထရပ်လိုက်တယ်။

"ငါ့ကို စိတ်ဒုက္ခရောက်အောင် လုပ်တဲ့ကောင်၊ မင်းကို ရက်အကန့်အသတ်မဲ့ ထိပ်တုံးခတ်ပစ်မယ်ကွ၊ သေပေတော့"

သူကြီးရဲ့ ကြုံးဝါးသံကြီးကြောင့် မာတင်ဟာ မြစပယ်ရဲ့လက်ကိုဆွဲရင်း စင်ပေါ်ကနေ တစ်ချိုးတည်း လစ်ပြေးတော့တယ်။

"ဟာ... ရာမမင်းက မယ်သီတာကို ခိုးပြေးပြီဟေ့"

ပွဲကြည့်ပရိတ်သတ်တွေရဲ့ အော်ဟစ်သံတွေနဲ့အတူ သူကြီးကလည်း စင်ပေါ်ကို ပုဆိုးစဆွဲရင်း ပြေးတက်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မာတင်

"ဟော့ကောင် မပြေးနဲ့၊ မိလို့ကတော့ မင်းကို အရှင်မထားဘူးကွ"

အရူးတစ်ယောက်လို အော်ဟစ် ကြိမ်းမောင်း နေတဲ့ သူကြီးကိုကြည့်ပြီး သူကြီးကတော်နဲ့ ရွာသားတစ်ချို့ကပါ သူကြီးနောက်ကို ပြေးလိုက်ကြတယ်။

ပွဲကြည့်ပရိတ်သတ်ကြီးဟာ သူကြီးတို့ရဲ့ ဝရုန်း သုန်းကား အဖြစ်အပျက်ကိုကြည့်ရင်း "ဝါး" ခနဲ ပွဲကျကုန် ကြတယ်။

မာတင်ကတော့ မြစပယ်ရဲ့လက်ကို စွဲမြဲစွာ ဆုပ် ကိုင်ရင်းဇာတ်ရုံနဲ့ဝေးရာကိုသုတ်ခြေတင်ပြေးလေတော့တယ်။

# မာတင်

ပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com

# နတ်ကျားဝိညာဉ်
# ၏
# ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၅ )

## ဘိုးအုပ်တို့ ဘာဆက်လုပ်မလဲ ...

www.burmeseclassic.com

www.burmeseclassic.com



# မိုးလင်းတဲ့အခါ

မုဆိုးပန်းအောင် ချောက်ကမ်ပါးထဲ ပြုတ်ကျတဲ့သတင်းက ကန်ရိုးရွာမှာ အုတ်အော်သောင်းတင်း ဖြစ်သွားတယ်။ ဘိုးအုပ်နဲ့ တေကြီးဟာ သူကြီးမြဒင်ရှေ့ ဒူးတုပ်ထိုင်ရင်း ...

"ကူညီပါ သူကြီးရယ် ... ကျုပ်တို့ဆရာကြီးဟာ ကျ ရှာရင်း ကမ်ပါးထဲပြုတ်ကျခဲ့တာပါ၊ ကျုပ်တို့ဆရာကြီးရဲ့ ရုပ်အ

www.burmeseclassic.com

www.burmeseclassic.com



လောင်းကို ကမ်ပါးထဲဆင်းရှာပြီး မြေမြှုပ်ချင်ပါတယ်၊ သူကြီးအနေနဲ့ ဒီကိစ္စကို နှိုးဆော်ပြီးလုပ်ပေးပါ ... တောင်းပန်ပါတယ်ဗျာ"

လို့ မျက်နှာငယ်လေးတွေနဲ့ တောင်းဆိုကြတယ်။ သူကြီးမြဒင်က ဆေးလိပ်ကို မျက်နှာကြီးချိုလျက် ခဲနေရင်းက ...

"မဖြစ်နိုင်တာ မပြောနဲ့ ... ပျဉ်းမတောအလွန်ကချောက်ကြီးဟာ ပြန်လမ်းမဲ့တဲ့ အသူရာချောက်ကြီးကွ၊ သေတဲ့လူက သေပြီ ... ငါ့ရွာသားတွေကို ထပ်ပြီး အဆုံးရှုံးမခံနိုင်ဘူး၊ နင်တို့ဆရာက နတ်ကျားဝိဇ္ဇာဉ်ရှိတယ်ဆိုတာမှ မယုံဘဲ၊ ဒါကြောင့် နတ်ကျားက အပုပ်နံ့ပေးပြီး ချောက်ထဲပြုတ်ကျအောင် လုပ်ပစ်လိုက်တာ၊ နတ်ကို မယုံတဲ့ကောင် ချောက်ထဲကျပြီး သေတာတောင် နည်းသေးတယ်"

လို့ ရိုင်းစိုင်းစွာပြောတယ်။

"ဒီလိုစကားမပြောနဲ့ သူကြီး ... မုဆိုးပန်းအောင်ဟာ ရွာအကျိုးသယ်ပိုးတဲ့ လူတစ်ယောက်ပါ၊ ရွာမှာ ဘယ်သူများ သူ့လောက်သတ္တိရှိသလဲ၊ နောက်ဆို ကျုပ်တို့ရွာကိုကျရောက်မယ့် တောမှိုင်းကောင်တွေရဲ့ဘေးကို ဘယ်သူဖြေရှင်းပေးမှာလဲ၊ မုဆိုးကြီးသေဆုံးပ်နှမြောဖို့ကောင်းတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် ဘိုးအှင်တို့ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



မှန်တယ် ... မုဆိုးကြီးရဲ့အလောင်းကို ပြန်ရှာပြီး မြေမြှုပ်ပေးသင့်တယ်''

ဗလကြီးက ဘိုးအုပ်တို့ဘက်က ဝင်ပြီးပြောလိုက်တယ်။

''ဘိုးလေးချစ်ဟာ တကယ့်ကို အကြားအမြင်ပေါက်ရောက်နေတဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ မုဆိုးကြီးမှာ ကြမ္မာဆိုးကျရောက်လိမ့်မယ်လို့ သူပြောတာ တကယ်ဖြစ်ခဲ့ပြီ၊ အလောင်းကိုပြန်မရှာဘဲထားရင် မကျွတ်မလွတ်တဲ့ဘဝကို ရောက်သွားမှာပေါ့၊ ဘိုးအုပ်တို့ပြောတဲ့အတိုင်း လုပ်ပေးသင့်တယ်၊ တော်ကြာ ... နတ်ကျားဝိညာဉ်ကလည်း ခြောက်၊ မုဆိုးကြီးဝိညာဉ်ကလည်းခြောက်ဆိုရင် တစ်ရွာလုံးဝိညာဉ်ဘဝပြောင်းသွားလိမ့်မယ် သူကြီး''

ရွာသားတစ်ယောက်ရဲ့အပြောကြောင့် သူကြီးဟာ မျက်နှာကြီးနီရဲသွားပြီး ...

''တော်ကြစမ်း ... အားလုံးကို အပြတ်ပြောလိုက်မယ်၊ ပန်းအောင်နဲ့ပတ်သက်တာ ငါ ဘာမှလုပ်မပေးနိုင်ဘူး၊ မကျေနပ်ရင် ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားရှာကြ၊ အေး ... မင်းတို့သေလို့တော့ အလောင်းလာကောက်မယ် မထင်နဲ့ ... ပန်းအောင်နဲ့အတူ တစ္ဆေသရဲ

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ နေရမယ်ဆိုတာ မှတ်ထား''

လို့ပြောပြီး လှည့်ထွက်သွားတယ်။ တေကြီးက မကျေမနပ် အမူအရာနဲ့ တောက်ခေါက်ရင်း . . .

''အလကား သူကြီး . . . စာနာစိတ်မရှိတဲ့ အဘိုးကြီး၊ ရိုင်းစိုင်းယုတ်မာတဲ့ လူကြီး''

လို့ မကျေမနပ်ရေရွတ်လိုက်တယ်။ ဒီအချိန်မှာပဲ ကာကီဝတ်စုံဆင်တူဝတ်ထားတဲ့ ပုလိပ်အက်စပက်တော်အဖွဲ့ရောက်ရှိလာတယ်။

''သူကြီး သူကြီး . . . ပုလိပ်မင်းကြီးတွေလာတယ် သူကြီး''

ရွာသားတစ်ယောက်ရဲ့အော်ဟစ်သံကြောင့် သူကြီးဟာ အိမ်ပြတင်းကနေ ခေါင်းပြူကြည့်တယ်။ ပြီးတော့ အိမ်အောက်ကို အပြေးအလွှားဆင်းခဲ့ရင်း . . .

''ကြွပါခင်ဗျာ . . . အိမ်ဦးခန်းကို ကြွကြပါ''

လို့ လက်အုပ်လေးချီပြီး ခရီးဦးကြိုပြုတယ်။ ဘိုးအုပ်နဲ့ တေကြီးဟာ ပျာပျာသလဲဖြစ်နေတဲ့ သူကြီးမြင်ကိုကြည့်ပြီး ချာခနဲလှည့်ထွက်ခဲ့ကြတယ်။

ရွာပြင်ရှိ မှဆိုးကြီးနေတဲ့ တဲကိုရောက်တော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"အခု ဆရာကြီးမရှိတော့ တို့နှစ်ယောက် ဘာလုပ်စားကြမလဲ၊ တို့နှစ်ယောက်လုံး ဘယ်သားကောင်မှ ဟုတ်တိပတ်တိဖမ်းနိုင်တာ မဟုတ်ဘူး"

လို့ တေကြီးက ညည်းညူလိုက်တယ်။ ဘိုးအုပ်က ကြေကွဲရိပ်သန်းနေတဲ့ မျက်လုံးနဲ့ငေးမောရင်း . . .

"ဟုတ်တယ် တေကြီးရာ . . . ငါတို့ရဲ့အပျင်းကိုဖျောက်ပြီး ကြိုးစားပါ့မယ်လို့ ကတိပေးခါမှ ဆရာကြီးသေဆုံးသွားခဲ့တယ်၊ အရင်က ပညာကိုကြိုးစားမသင်ခဲ့တာ နောင်တသိပ်ရတယ်ကွာ၊ ဆရာကြီးနဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ ဖြေလို့မရဘူး။ ဒီတော့ကွာ . . . နောက်နေ့ကျရင် တို့တွေချောက်ကမ်းပါးကြီးဆီသွားပြီး ရှာကြရအောင်၊ မတွေ့တော့လည်း ရွာဦးကျောင်းမှာ ဆရာကြီးအတွက် ကောင်းမှုလုပ်ပေးကြတာပေါ့ကွာ"

လို့ ကြေကွဲဆို့နင့်သံကြီးနဲ့ ပြောလိုက်တယ်။ ဘိုးအုပ်နဲ့ တေကြီးတို့ဟာ အိမ်ကပြင်လေးမှာထိုင်ရင်း မှိုင်တွေငေးမောနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ( ၂၆ )

www.burmeseclassic.com

www.burmeseclassic.com



# ထိုနေ့ည

ရွာသားတစ်စုဟာ ငှက်ပစ်ဖို့အတွက် တောစပ်ဘက်ထွက်လာကြတယ်။ တောစပ်ရောက်တော့ အိပ်တန်းတက်နားခိုတဲ့ငှက်တွေကို ရှာဖွေရင်း သစ်ပင်ကြီးတွေနား တိတ်တဆိတ် ချဉ်းကပ်ခဲ့တယ်

'ချွတ် ‥ ချွတ်'

'ရှပ် ‥ ရှပ် ‥ ရှပ်'

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုအောက် ထွက်ပေါ်လာတဲ့ခြေသံကြောင့် ငှက်သား တွေဟာ တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း ခေါင်းမွေးထောင်သွားတယ်။

ဒါကြောင့် သစ်ပင်ကြီးရဲ့အနောက်မှာ ပုန်းအောင်းရင်း အသံ ကိုနားစွင့်နေကြတယ်။

"ဟော့ ဟိုမှာကြည့်စမ်း ... တောဘက်ကလာတဲ့လမ်းမှာ အရိပ်မည်းကြီး"

ရွာသားတစ်ယောက်ရဲ့ တီးတိုးစကားကြောင့် အားလုံးရဲ့ အကြည့်က ရောက်သွားတယ်။ အမှောင်ထုအောက် ဝိုးတဝါးမြင်ရတဲ့ အရိပ်မည်းတစ်ခု။ သူတို့ကြည့်နေစဉ်မှာပဲ အရိပ်ကြီးရဲ့လှုပ်ရှားမှု ရပ်တဲ့ သွားတယ်။ အရိပ်မည်းကြီးရဲ့ခေါင်းက ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်နေသလိုလို။

ပြီးတော့ ...

ဟာ ... တို့ဘက်ကိုကြည့်ပြီး ငြိမ်နေတယ်၊ တို့ရှိတာ သိ သွားပြီထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ ... တို့တွေ တောခြောက် ရပြီ၊ လှည့်ပြီးပြေးကြမလား"

လေသံနဲ့ပြောလိုက်တဲ့ ရွာသားရဲ့စကားကြောင့် ကျွန်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



"ပြေးလို့ဖြစ်မလားကွ ... တစ္ဆေသရဲဆိုတာ လေထက်မြန်တယ်၊ အသာငြိမ်နေပြီး စောင့်ကြည့်တာ အကောင်းဆုံးပဲ၊ ဘုရား၊ သိကြားမပြီး တို့ကိုမတွေ့ပါစေနဲ့"

လို့ ရေရွတ်တိုင်တည်လိုက်တယ်။

အရိပ်မည်းကြီး လှုပ်ရှားလာပြီး သူတို့ပုန်းအောင်းတဲ့ သစ်ပင်ရှိရာ လျှောက်လာသလိုလို။

'ရှဲ ...'ခနဲ အသံနဲ့အတူ မီးရောင်လဲ့သွားတယ်။ ပြီးတော့ မီးတုတ်က ဖွားခနဲလှိုက်တက်လာတယ်။

"ဒါ ... ဒါ ... မီးစုန်းသရဲဖြစ်ရမယ်ကွ၊ မီးရောင်က ရဲခနဲ ရဲခနဲဖြစ်နေတယ် ... ဘယ်လိုလုပ်ကြမလဲ"

"သေချာကြည့်စမ်းကွ ... မီးတုတ်နောက်မှာ မျက်နှာကြီးရှိတယ် ... ဒီ ... ဒီမျက်နှာကို မြင်ဖူးသလိုပဲ"

ရွာသားတစ်စုဟာ ထိုအရာကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်ရင်း ...

"ဟာ ... ဒါ ... ဒါ မုဆိုးပန်းအောင်ရဲ့မျက်နှာပဲ မုဆိုးကြီးတို့ကို ခြောက်လှန့်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



လို့ တစ်ယောက်က ရေရွတ်လိုက်တဲ့အခါ ကျန်လူတွေဟာ ကြက်သီးဖျန်းဖျန်းထပြီး ...

"ကယ်ကြပါဗျ ... မုဆိုးကြီးခြောက်နေပါတယ်၊ မုဆိုးကြီး တစ္ဆေခြောက်နေပါတယ်ဗျ"

လို့ သွေးရူးသွေးတန်းအော်ဟစ်ရင်း ဝရုန်းသုန်းကား ဖြစ် ကုန်တယ်။ ရွာသားတွေရဲ့ ကြောက်ခမန်းလိလိအော်ဟစ်သံက ကန် ဒိုးတစ်ရွာလုံး ဖုံးလွှမ်းသွားတယ်။

ငှက်သမားတွေဟာ ရွာလမ်းတစ်လျှောက်ပြေးလွှားရင်း ...

"မုဆိုးကြီးတစ္ဆေ လာနေပြီ ... မုဆိုးကြီးတစ္ဆေ လာနေပြီ"

လို့ မရပ်မနား အော်ဟစ်လာတယ်။ ဘိုးအုပ်နဲ့တေကြီးတို့ဟာ အော်ဟစ်သံကြောင့် လန့်နိုးပြီး ရွာသားတွေနောက် ပြေးလိုက်ခဲ့တယ်။

သူကြီးမြဒင်ဟာ ရွာပျက်မတတ် ကြားနေရတဲ့အသံကြောင့် ချက်နှာပျက်သွားတယ်။ သူ့အိမ်မှာရောက်နေတဲ့ ပုလိပ်အင်စပက် တော်အဖွဲ့ဟာ ထပြေးရမလို၊ ပုန်းအောင်းရမလိုဖြစ် နေရှာတယ်။

"သူကြီး သူကြီး ... မုဆိုးကြီးခြောက်တယ်ဗျ၊ မုဆိုးကြီး တစ္ဆေ ... တစ္ဆေ"

www.burmeseclassic.com

www.burmeseclassic.com



ငှက်သမားတွေရဲ့အသံကြောင့် သူကြီးမြဒင်ရဲ့ဒေါသက ငယ်ထိပ်ရောက်သွားပြီး ...

"တိတ်ကြစမ်း ... ငါ့အိမ်မှာ ညည်းသည်းရှိတာ မသိဘူးလား။ အရေမရတဲ့ဟာတွေ လျှောက်အော်နေတယ်၊ မင်းတို့ကို ရွာဆူမှုနဲ့ ထိတ်တုံးခတ်ပစ်မယ်ကွ"

လို့ ကြုံးဝါးပစ်လိုက်တယ်။ ဘိုးအုပ်နဲ့တောကြီးပါ ရောက်ရှိလာပြီး ...

"ဘယ်မှာလဲ ... ကျုပ်ဆရာကို ဘယ်မှာတွေ့ခဲ့တာလဲ ... ပြောကြစမ်းပါ"

လို့ ငှက်သမားတွေကိုမေးလိုက်တယ်။ ရွာသားတွေလည်း သူကြီးအိမ်ကို အပြေးအလွှားရောက်လာကြတယ်။ အင်စပက်တော်ကြီးနဲ့ ပုလိပ်အဖွဲ့သားတွေဟာ အိမ်အောက်ကိုဆင်းပြီး အခြေအနေကို နားစွင့်နေကြတယ်။

ဒီအချိန်မှာပဲ သူကြီးအိမ်ပတ်ဝန်းကျင်ရှိ ခွေးတွေရဲ့ ထိ ဟောင်သံကိုကြားလိုက်ရတယ်။ ခွေးဟောင်သံကြောင့် အားငို အကြည့်က ခြံရှေ့ရောက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခြံတိုင်ရှိ မီးတုတ်မှ အလင်းရောင်အောက် ခြံဝနား တဖြေး ဖြေးလှမ်းလာတဲ့ အရိပ်မည်းကြီးတွေ ...။

သူကြီးနဲ့လူအားလုံးဟာ အရိပ်မည်းကြီးတွေကို ကြည့်ရင်း စကားမပြောနိုင်အောင် ကြောင်ငေးသွားကြတယ်။ အလင်းရောင် အောက် 'ဘွား ...'ခနဲ တွေ့လိုက်ရတဲ့ မျက်နှာကြီးတစ် ခု ...

"ဟာ ... သရဲ ... မုဆိုးကြီးသရဲ"

ဆိုတဲ့အသံ ထွက်လာသလို ...

"မုဆိုးပန်းအောင်ရေ ... အမျှ အမျှ"

ဆိုတဲ့ အသံတွေ တစ်ယောက်တစ်ပေါက်ထွက်လာတယ်။

"ကျုပ် တစ္ဆေသရဲမဟုတ်ဘူး၊ မုဆိုးပန်းအောင် အစစ်ပါ"

ဆိုတဲ့ အသံနဲ့အတူ မုဆိုးကြီးနဲ့လူတချို့ကို တွေ့လိုက်ရတယ်။ မုဆိုးကြီးက သူကြီးရှိရာလျှောက်သွားပြီး သူနဲ့အတူပါလာတဲ့ လူတွေကို ကြိုးဖြည်ပေးလိုက်တယ်။ ပြီးတော့ ထိုလူတွေထဲမှ နှုတ်ခမ်းမွေးနဲ့လူ တစ်ယောက်ကို ဆွဲထုတ်ပြီး လည်မျိုကို ဓားထောက်ရင်း ...

"ခင်ဗျားတို့ပြောတဲ့ နတ်ကျားဝိညာဉ်ဆိုတာ ဓားပြခေါင်း ဆောင် ဘိုကြီးဆိုတဲ့ ဒီလူပဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တဲ့အခါ လူအားလုံး 'ဟာ . . .'ခနဲ ဖြစ်သွားတယ်။ ပုလိပ်အင်စပက်တော်က ဘိုကြီးအနီးလျှောက်သွားပြီး . . .

"ဒီလူဟာ ပုလိပ်အဖွဲ့က ဆုငွေထုတ်ထားတဲ့ ဓားပြမှု, လုယက်မှု, လူသတ်မှုတွေရဲ့ ခေါင်းဆောင်ဘိုကြီး အမှန်ပဲ၊ ကဲ ဘိုကြီးရေ . . . လက်ကောက်လေး ဝတ်လိုက်ပါဦး"

လို့ ပြောရင်း 'ချောက် . . .'ခနဲ လက်ထိတ်ခတ်လိုက်တယ်။ သူကြီးမြဒင်က အခြေအနေကို နားမလည်နိုင်ဘဲ . . .

"ဓားပြခေါင်းဆောင်ဘိုကြီးက ဘယ်လိုလုပ် နတ်ကျားဝိညာဉ်ဖြစ်ရမှာလဲ . . . ပြောစမ်းပါဦး"

လို့ မာဆတ်ဆတ်အသံနဲ့ မေးလိုက်တယ်။ မုဆိုးပန်းအောင်က အေးဆေးတဲ့အမူအရာနဲ့ ဆေးပြင်းလိပ်ဖွာရှိုက်ရင်း . . .

"ကျုပ်ဟာ ကျားဆိုးကိုရှာဖွေရင်း ပျဉ်းမတောအလွန်က ချောက်ကမ်းပါးကြီးထဲကျခဲ့တယ်၊ ဒါပေမဲ့ ချောက်ထဲကျပြီး မကြာဘူး . . . ဘုတ်ခနဲအသံနဲ့အတူ ကိုယ်တစ်ခုလုံး မြေပြင်ပေါ်ကျသလို ခံစားလိုက်ရတယ်၊ ကြည့်လိုက်တော့ ဂူပေါက်တစ်ခုရဲ့အပြင်မှာရှိတဲ့ ကျောက်ဖျာကြီးတစ်ချပ်ပေါ် ရောက်တာတွေ့ရတယ်၊ ဒီအချိန်မှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူထဲက ရယ်မောသံတွေကို ကြားလိုက်ရတယ်၊ ဂူဝကိုသွားကြည့်တော့ အရက်ဝိုင်းဖွဲ့နေတဲ့ လူတစ်စုကိုတွေ့ရတယ် ...၊

ဒီအချိန်မှာပဲ တစ်ယောက်က ...'အချိန်ကျပြီဟေ့ ... အသံဖမ်းစက်ဖွင့်လိုက်တော့' ဆိုတဲ့အသံကို ကြားရတယ်၊ ပြီးတော့ လိုဏ်ဂူကြီးတစ်ခုလုံး တုန်ခါမတတ် ကျားဟိန်းသံကိုကြားရတယ်။ ဒီအချိန်မှာပဲ လူတစ်ယောက်ဟာ ဂူပြင်ထွက်ပြီး ကျုပ်ကိုတွေ့သွားတယ်၊ ကျုပ်က အသင့်ပါတဲ့ဓားမြှောင်နဲ့ အဲဒီလူကိုထောက်ပြီး ဂူထဲဝင်ခဲ့တယ်၊ ကျုပ် ဓားထောက်ခဲ့တဲ့လူက ဓားပြခေါင်းဆောင်ဘိုကြီး ဖြစ်နေတယ်၊ ကဲ ဘိုကြီး ...ကန်ရိုးတစ်ရွာလုံးကိုခြောက်လှန့်ပြီး နွားခိုးခဲ့တဲ့ မင်းတို့ဇာတ်ကို ကိုယ်တိုင်ရှင်းပေတော့"

လို့ ပြောလိုက်တယ်။ လက်ထိတ်တန်းလန်းနဲ့ ဘိုကြီးက ခေါင်းငိုက်စိုက်အနေအထားနဲ့ ...

"ကျုပ်တို့ဟာ မြို့ပေါ်မှာ လုယက်လူသတ်မှုတွေကျူးလွန်ပြီး တောနက်ထဲက ချောက်ကမ်းပါးကြီးထဲ ပုန်းခိုနေခဲ့ကြပါတယ်၊ ပုန်းအောင်းစဉ်ကာလမှာ ကျုပ်တို့အတွက် စားနပ်ရိက္ခာလိုအပ်တယ်၊ ဒါကြောင့် တောနဲ့အနီးဆုံးဖြစ်တဲ့ ကန်ရိုးရွာကို ပစ်မှတ်ထားပြီး ရွာနဲ့ပတ်သက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေစုံစမ်းခဲ့တယ်၊ အဲဒီမှာ ကိုးတောင်ပြည့်ကျားကြီးကို သတ်ဖြတ်ပြီး ကန်ရိုးတစ်ရွာလုံး အောင်ပွဲခံတဲ့သတင်းကို ရခဲ့တယ်၊ ဒါကြောင့် ကျုပ်ရဲ့တပည့်ကို မြို့လွှတ်ပြီး လိုအပ်တဲ့ပစ္စည်းတွေ စုဆောင်းစေခဲ့တယ်၊ အဲ့ဒီနောက်မှာတော့ ဇန်ရိုးရွာသားတွေ တောမဝင်နိုင်အောင် ကျုပ်တို့အဖွဲ့တွေ ရိက္ခာရအောင် ကျားဟိန်းသံပေးပြီး ခြောက်လှန့်ခဲ့တာပါ၊ အသုဘအိမ်က ဟင်းအိုးကို ကျုပ်တပည့်တွေ ယူခဲ့သလို ရွာက နွား,ဆိတ်,ကြက်တွေဆွဲပြီး ရိက္ခာအတွက် အသုံးပြုခဲ့ပါတယ်၊ ကန်ရိုးရွာမှာ ကြုံတွေ့ခဲ့တဲ့ ခြောက်လှန့်မှုအားလုံးဟာ ကျုပ်တပည့်တွေရဲ့ လုပ်ရပ်ပါပဲ၊ ဒီအတွက် သူကြီးနဲ့ရွာသားတွေကို တောင်းပန်ပါတယ်''

လို့ရှင်းလင်းပြတယ်။ ပုလိပ်အရာရှိက သက်ပြင်းချရင်း . . .

''ဘိုကြီး . . . မင်းဟာ ငါတို့ပုလိပ်တစ်ဖွဲ့လုံးကို ဒုက္ခပေးရုံတင် အားမရဘဲ ရိုးသားအေးဆေးတဲ့ တောသူတောင်သားတွေကိုပါ ဒုက္ခပေးခဲ့တယ်၊ ပြီးတော့ မုဆိုးကြီးပန်းအောင် . . . ခင်ဗျားဟာ မင်းကြီးရုံးက ဆုငွေထုတ်ထားတဲ့ လူသတ်ဓားပြမှုကျူးလွန်ခဲ့တရားခံ ပြေးကို လက်ရဖမ်းဆီးနိုင်ခဲ့တယ်၊ ဒါကြောင့် ကျွန်တော်တို့နဲ့အတူ

www.burmeseclassic.com



လိုက်ခဲ့ပြီး ဆုငွေထုတ်ယူရပါမယ်၊ ထုတ်ပြန်ဆုကြေးငွေဟာ သုံးထောင်ကျပ်ပါ၊ ကဲ သူကြီးရေ … ကျပ်တို့အတွက် လှည်းစီစဉ်ပေးပါ”

လို့ပြောလိုက်တဲ့အခါ ရွာသားတွေဟာ ‘ဟေး’ခနဲအော်ဟစ်ပြီး

“ကန်ရိုးရွာသား မုဆိုးပန်းအောင် … ကန်ရိုးရွာသား မုဆိုးပန်းအောင်”

လို့ လက်ခုပ်တီးအော်ဟစ်လိုက်တယ်။ ဘိုးအုပ်နဲ့ တေကြီးဟာ မုဆိုးကြီးကို ပြေးဖက်လိုက်ကြတယ်။

သူကြီးမြဒင်က မုဆိုးပန်းအောင်ရှိရာ လျှောက်လာပြီး …

“ငါပြောခဲ့တာတွေအတွက် ခွင့်လွှတ်ပါကွာ၊ မင်းဟာ တကယ့်ကိုသူရသတ္တိနဲ့ပြည့်စုံတဲ့ မုဆိုးကျော်တစ်ယောက်ပါ၊ အခုဆို မင်းရဲ့စွမ်းဆောင်မှုကြောင့် ကန်ရိုးရွာလေးဟာ ဂုဏ်ရှိန်မြင့်မားသွားရပြီ၊ လူသတ်မှု, ဓားပြမှုတွေနဲ့ တိမ်းရှောင်နေတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ဓားပြခေါင်းဆောင် ဘိုကြီးကို လက်ရဖမ်းဆီးနိုင်တဲ့ မင်းကို ငါ ဂုဏ်ယူပါတယ်”

လို့ပြောရင်း ပွေ့ဖက်လိုက်တယ်။ ရွာသားတွေရဲ့ လက်ခုပ်သြဘာသံနဲ့အတူ မုဆိုးပန်းအောင်ရဲ့ရင်ထဲမှာတော့ ...

www.burmeseclassic.com

www.burmeseclassic.com

ဒုရာ

# မအိုစာ

"ကျုပ် လူတွေဆီက ဘာမှမလိုချင်ဘူး ...နားလည်မှုတစ်ခုပဲ တောင့်တတယ်"

နတ် ကျား ဝိ ညာဉ်

Ma O' Sar

www.burmeseclassic.com

www.burmeseclassic.com

မအိုစာ၏ ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်စာပစ်တဲ့ည

၂။ မလှစုန်းယိုး

၃။ အရှင်လတ်လတ်

၄။ ကနားစီးဒေဝါ

၅။ ခေါင်းတလားရာဇာ

၆။ နတ်ကဝေမယ်

၇။ ပျဉ်ထောင်ကတော်နတ်

၈။ ပုလ္လားပျံစံအိမ်

၉။ ခုတင်နံပါတ်-၃၁

၁၀။ ဘုံစာကျွေးတဲ့နေ့

၁၁။ နတ်ကျားဝိညာဉ်

စတဲ့စာအုပ်တွေ ထွက်ရှိပြီးပါပြီ။

ယခု.....

**မာတင်**

www.burmeseclassic.com